# သမ္မာပရိဗ္ဗာဇနီယသုတ် မြန်မာပြန်အနှစ်ချုပ်

(ပခုက္ကူ မဟာဝိသုတာရာမ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယထေရ်)

နိမ္မိတဘုရားရှင် မေး။ ။အရှင်ဘုရား- အိမ်ယာထောင်သည့်လူ့ဘောင်မှ ထွက်ခွါသွားသောရဟန်းတို့သည် လောကကြီးအပေါ်၌ကပ်ငြိတွယ်တာခြင်းမရှိအောင် မည်သို့ကျင့်ရပါမည်နည်း။

ပကတိဘုရား ဖြေ။ ။လောကကြီးနှင့် လောကီအာရုံတို့အပေါ်၌တက်မက်ခြင်းကင်းအောင်ကျင့်ကြံသည့် ပုဂ္ဂိုလ်တို့မှာ--

၁။ ဒိဋ္ဌမင်္ဂလာစသော နိမိတ်ယူခြင်းများ၊ လက္ခဏာဗေဒင်များ၊ အိပ်မက်ကျမ်းစသည်တို့၌အားကိုး ယုံကြည်မှု မရှိ။

၂။ ကာမဂုဏ်ငါးပါးတို့၌တပ်မက်မှု မရှိ။

၃။ ကုန်းတိုက်ခြင်း၊ ဝန်တိုခြင်း၊ အမျက်ထွက်ခြင်း၊ တပ်မက်တတ်ခြင်း မရှိ၊ တဏှာဖြင့် ချစ်ဖွယ်ရာလည်း မရှိ၊ ဒေါသဖြင့် မုန်းဖွယ်ရာလည်း မရှိ။

၄။ မည်သည့်အရာမျိုးကိုမျှစွဲလမ်းခြင်းမရှိပဲ သံယောဇဉ်အာရုံတရားတို့မှလွတ်ကင်းသည်။

၅။ ကိုယ်ခန္ဓာတို့ကို အနှစ်သာရဟု မစွဲလမ်း၊ သူတပါးတို့က မဆွဲဆောင်နိုင်အောင် စိတ်ဓာတ် ရင့်သန်သည်။

၆။ ကိုယ်နှုတ်နှလုံး သုံးပါးလုံး စင်ကြယ်သန့်ရှင်း၍သစ္စာလေးပါးကို သိမြင်ကာ မျက်မှောက် ဘဝ၌ပင် နိဗ္ဗာန်ကို ရလို၏။

၇။ "ငါ့ကို ရှိသေကြသည်၊ ရှိခိုးကြသည်"ဟူ၍ တက်ကြွမောက်မာ စိတ်ကြီးဝင်ခြင်း မရှိ၊ ဆဲရေး [ခံရ]သဖြင့်လည်း ရန်ငြိုးမထား၊ သူတပါးတို့ ပေးလှူသည့်ပစ္စည်းတို့ကြောင့်"ငါ့မှုကား လာဘ်လာဘများသူ"ဟု မာန်မာန မရှိ။

၈။ အလွန်အကြူးတပ်မက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ကို ရှောင်ကြဉ်၍ ယုံမှားခြင်း ကင်းပြီးဖြစ်သည်။

၉။ မိမိ ပြုလုပ်အပ်သောအကျင့်ကိုကျင့်ဆောင်၍ သူတပါးအား မညင်းဆဲ။

၁၀။ မကောင်းမှုအကုသိုလ်အနုသယတရားအားလုံးကိုအကြွင်းမဲ့ ပယ်ထားပြီး ဖြစ်၏။

၁၁။ တပ်မက်မှုရာဂနှင့် ထောင်လွှားမှုမာန်မာနတို့ကိုပယ်ပြီး၍ ယဉ်ကျေးတည်ငြိမ်သောစိတ်ရှိ၏။

၁၂။ မိစ္ဆာဒိဋ္ဌိအယူမှ စင်ကြယ်၍ ရတနာသုံးပါး၌ မဖေါက်မပြန် ကြည်လင်မှု သဒ္ဓါရှိ၏။ အကြား အမြင်နှင့် ပြည့်စုံ၍ မဂ်ကိုရ၏။

၁၃။ အရဟတ္တမဂ်ဖြင့် သံယောဇဉ်အားလုံးကိုပယ်ပြီးဖြစ်၏။

၁၄။ လွန်ပြီးသော ခန္ဓာတို့၌၎င်း၊ ဖြစ်လတ္တံ့သော ခန္ဓာတို့၌၎င်း "ငါ, ငါ့ဥစ္စာ"ဟု ကြံစည်မှု တဏှာဒိဋ္ဌိ မရှိမှု၍ အလွန်စင်ကြယ်သောပညာရှိဖြစ်၏။

၁၅။ ဒုက္ခအစုအပေါင်း၏တည်ရာဖြစ်ခြင်းကြောင့်ဥပဓိဟုခေါ်သော ခန္ဓာငါးပါး၊ ကာမဂုဏ်ငါးပါး၊ ကိလေသာဆယ်ပါး၊ အဘိသင်္ခါရသုံးပါးတို့ကိုကုန်ဆုံးစေပြီးလျှင် သစ္စာလေးပါးကို မဂ်ပညာဖြင့် သိပြီးဖြစ်၏။

အထက်ဖေါ်ပြပါ အကျင့်တို့နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်တို့သည်လောကကြီးနှင့် လောကီအာရုံတို့အပေါ်၌ တပ်မက်ခြင်းကင်းအောင်ကျင့်ကြံကြသည့် ပုဂ္ဂိုလ်များဖြစ်ကြသည်။ ။

# သမ္မာပရိဗ္ဗာဇနီယသုတ်

သုတ္တနိပါတ်၊ စူဠဝဂ်၊ နှာ-၃၃၂။
(၂၀၁၂-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉-ရက်။)

သမ္မာပရိဗ္ဗာဇနီယသုတ် = (သမ္မာ=ကောင်း+ပရိဗ္ဗာဇနီယ=အလုံးစုံကို စွန့်ပစ်ထွက်ခွါသွား၍ ကျင့်ခြင်း)
= အိမ်ယာထောင်သည့်လူ့ဘောင်မှ စွန့်ခွါထွက်သွားသည့် ပုဂ္ဂိုလ်တို့ကျင့်အပ်သော အကျင့်ကို ဟောပြတော်မူသောသုတ် ဖြစ်သည်။

ဤသုတ်ကို မြတ်စွာဘုရားသည် တပ်မက်မှု**ရာဂစရိုက်**များသော နတ်ပြဟ္မာတို့ ကျွတ်တမ်းဝင်ရန် အတွက် ဟောပြတော်မူသည်။ အိမ်ယာထောင်သည့် လူ့ဘောင်မှ စွန့်ခွါသွားသည့် ရဟန်းပုဂ္ဂိုလ်သည် လောကနှင့် လောကီအာရုံတို့အပေါ်၌ စွဲလမ်းကပ်ငြိတွယ်တာမှု မရှိအောင် မည်ကဲ့သို့ကျင့်ရမည်နည်း ဟု နိမ္မိတ(ဖန်ဆင်းထားသော)ဘုရားရှင်က မေးသည်ကို သက်ရှိထင်ရှားဘုရားက အကျယ်တဝင့် ဖြေဆိုတော်မူသော သုတ်ဖြစ်သည်။

**၁။ ပုစ္ဆာမိ မုနိံ ပဟူတပညံ၊**
**တိဏ္ဏံ ပါရင်္ဂတံ ပရိနိဗ္ဗုတံ ဌိတတ္တံ။**
**နိက္ခမ္မ ဃရာ ပနုဇ္ဇ ကာမေ၊**
**ကထံ ဘိက္ခု သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**နိမ္မိတဘုရားအမေး။ ။ကြီးမားကျယ်ပြန့်သည့်ဉာဏ်ပညာနှင့်ပြည့်စုံတော်မူသော၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃ တည်းဟူသော သံသရာ ရေအယဉ်ကို ကူးခတ်လွန်မြောက်တော်မူပြီးသော၊ နိဗ္ဗာန် တည်းဟူသော တဖက်ကမ်းသို့ ရောက်တော်မူပြီးသော၊ကိလေသာတို့ အကြွင်းမဲ့ငြိမ်းသဖြင့် ငြိမ်းအေးတော် မူပြီးသော၊ လောကဓံရှစ်ပါးကြောင့်လှုပ်ရှားခြင်းမရှိပကတိတည်တံ့ ခိုင်မြဲသောစိတ်ရှိတော်မူသောမြတ်စွာ ဘုရားကို မေးလျှောက်ပါ၏။**

**ကာမဂုဏ်တို့ကို ပယ်စွန့်၍ အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်ခွါလာသော ထိုရဟန်းသည် လောကကြီးနှင့် မငြိမကပ် မဆက်စပ်ရအောင် မည်သို့မည်ပုံကျင့်မှ ကောင်းကောင်း ကျင့်သည်မည်ပါသနည်း မြတ်စွာဘုရား။**

(ဆောင်) ကာမဂုဏ် ပယ်ခွါ၊ တောထွက်လာ၊ ကောင်းစွာဘယ်သို့ကျင့်သနည်း။
(မဟာစည် ဆရာတော်)

**မုနိဟူသည်။**
**၁။** ဉာဏ်ပညာနှင့်ပြည့်စုံသောသူသည် မုနိမည်၏။
မုနီတိ မောနံ ဝုစ္စတိ ဉာဏံ။ တေန ဉာဏေန သမန္နာဂတော မုနိ မောနပ္ပတ္တောတိ။ (မဟာနိ၊ပါ၊၄၄။)
၂။ (က) အကုသိုလ်ကို ရှောင်ကြဉ်၍ လိုနေသောကုသိုလ်များကို ဖြည့်တတ်သူသည် မုနိမည်၏။
(ခ) အဇ္ဈတ္တ ဗဟိဒ္ဓ(အတွင်း+အပြင်)ခန္ဓာတို့ကို သိသောပုဂ္ဂိုလ်သည် မုနိမည်၏။

ပါပါနိ ပရိဝဇ္ဇေတိ၊ သ မုနီ တေန သော မုနိ။
ယော မုနာတိ ဥဘော လောကေ၊ မုနိ တေန ပဝုစ္စတိ။
(မုနိယောင်ဆောင်သော တိတ္ထိဝတ္ထု။ ဓမ္မပဒ၊ ၅၁)
၃။ သူတော်သူမြတ်တို့သည် မုနိမည်၏။ (ဘုရား၊ ရသေ့ရဟန်း)
(တိပိဋကပါဠိမြန်မာ အဘိဓာန်)

**မုနိ ၆-မျိုး**

၁။ အဂါရမုနိ = လူအရိယာ
၂။ အနဂါရမုနိ = ရဟန်းသာမဏေ အရိယာ
၃။ သေခမုနိ = သေခပုဂ္ဂိုလ် ၇-ယောက်
၄။ အသေခမုနိ = ရဟန္တာပုဂ္ဂိုလ်
၅။ ပစ္စေကမုနိ = ပစ္စေကဗုဒ္ဓါအရှင်မြတ်
၆။ မုနိမုနိ = သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်
(မဟာနိ-ပါ-၄၄၊၄၅၊ ဋ္ဌ-၃၀။)

************************

**၂။ ယဿ မင်္ဂလာ သမူဟတာသေ၊**
**ဥပ္ပါတာ သုပိနာ စ လက္ခဏာ စ။**
**သော မင်္ဂလဒေါသ-ဝိပ္ပဟီနော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**သက်ရှိထင်ရှားဘုရားအဖြေ။ ။အကြင်ရဟန်းသည်ကောင်းကျိုးရကြောင်းနိမိတ်ကောင်းဟု စွဲမှတ်ယုံကြည်သည့် ဒိဋ္ဌမင်္ဂလာ သုတမင်္ဂလာ မုတမင်္ဂလာတို့ကိုလည်းကောင်း၊ မိုးကြိုးကျခြင်း၊ လောင်မီးကျခြင်းစသော ဘေးဥပါဒ်ဆိုင်ရာ အယူအစွဲတို့ကိုလည်းကောင်း၊ (ဝါ) မီးရှူးရောင်နှင့်တူသောအရောင်အလင်းတို့၏ကောင်းကင်မှကျခြင်းဥက္ကာပါတ၊ မီးခိုးမီးလျှံတို့၏ထိုထိုအရပ်မျက်နှာတို့၌များပြားစွာကျရောက်သည်၏အစွမ်းအားဖြင့် အရပ်မျက်နှာ တို့၌ လောင်မြိုက်သကဲ့သို့ ချောက်ချားခြင်းဒိသာဍာဟ ဂူမကိတ်၊ မိုးမရွာဘဲ အခြောက်တိုက် မိုးချုန်းခြင်း၊ တော်လဲခြင်း စသည်တို့ကို ဤသို့သောအကျိုးအပြစ်ရှိ၏ဟုယုံကြည်စွဲလမ်းခြင်းတို့ကိုလည်းကောင်း၊ အိပ်မက်ဆိုင်ရာ အယူအစွဲတို့ကိုလည်းကောင်း၊ သက်ရှိသက်မဲ့ အသုံးအဆောင်ပစ္စည်းတို့၏လက္ခဏာဆိုင်ရာ အယူအစွဲတို့ကိုလည်းကောင်း အရိယာမဂ်ဖြင့် ပယ်အပ်ပြီးဖြစ်၏။ ထိုရဟန်းသည် လောကီဆိုင်ရာ မင်္ဂလာနှင့်စပ်သော အပြစ်ဟူသမျှတို့ကို ပယ်စွန့်အပ်ပြီး ဖြစ်လေတော့၏။ ထိုကဲ့သို့သော ရဟန်းသည် လောကကြီးနှင့် မငြိတွယ်အောင် ကောင်းစွာ ကျင့်သုံး နေထိုင်သည်မည်၏။**

**မင်္ဂလာ ၃-မျိုး**

၁။ ဒိဋ္ဌမင်္ဂလာ = နံနက်စောစော အပျိုလူပျို၊ ကိုယ်ဝန်ဆောင်၊ အာဇာနည်မြင်း၊ နွားလားဥသဘ၊ ပျံလွှားငှက် စသည့် ကောင်းမြတ်သောအရာကို မြင်ရလျှင် ကောင်းကျိုးရသည်၊ သူတောင်းစားစသည့် မကောင်းတာကို မြင်ရလျှင် မကောင်းကျိုးရသည်ဟု ယူဆချက်။

၂။ သုတမင်္ဂလာ = နံနက်စောစော ကြီးပွားသည်၊ တိုးတက်သည်၊ ကျန်းမာသည်၊ အောင်မြင်သည် စသည့် အသံများကြားလျှင် မင်္ဂလာဟု ယုံကြည်ပြီး၊ လူသေကြောင်း, နေမကောင်းကြောင်း, ကွဲကွာကြောင်း, ဆုံးရှုံးကြောင်း စသည့်အသံများ ကြားရလျှင် အမင်္ဂလာဟု ယူဆချက်။

၃။ မုတမင်္ဂလာ = နံနက်စောစော ကြာပန်းစသည့် အနံ့ကောင်းကို နမ်းရှုရလျှင်သော်၎င်း၊ အရသာကောင်းကို စားရလျှင်သော်၎င်း၊ အတွေ့အထိကောင်းကို တွေ့ထိရလျှင်သော်၎င်း မင်္ဂလာဟု ယူဆပြီး၊ နိမ့်ကျသည့် သူတောင်းစား(ဇာတ်နိမ့်)များနှင့် တွေ့ထိမိလျှင် အမင်္ဂလာဟု ယူဆချက်။

**ပုဆိုးကြွက်ကိုက်ဘာ အမင်္ဂလာ။** ။ရာဇဂြိုဟ်မှ ပုဏ္ဏားသူဌေးတစ်ယောက်သည် ရေချိုးပြီး၍ ပုဆိုးလဲရန် သေတ္တာထဲမှ အသစ် တစ်ထည်တောင်း၏။ ပုဆိုးကြွက်ကိုက်နေကြောင်းပြောသောအခါ ဒါဟာ အမင်္ဂလာဖြစ်၍ အကြီးအကျယ် ပျက်စီးတတ်သဖြင့် ထိုပုဆိုး ကို တုတ်နှင့်ထိုးကော်ကာ သင်းချိုင်းသို့ သွားပစ်ရန် သူ့သားကို ပြော၏။ ပြန်လာလျှင် မျက်နှာသစ်ရန်လည်း မှာလိုက်၏။ ထိုသားအဖ နှစ်ယောက် သောတာပန်တည်မည်ကို သိသဖြင့် မြတ်စွာဘုရားက သင်းချိုင်းတွင် သွားစောင့်နေ၏။ ပုဏ္ဏား၏သား လာသောအခါ အကျိုးအကြောင်း မေးပြီး ပုဆိုးစွန့်ပြီးသောအခါ ဘုရားက ကောက်ယူ၍ ဝေဠုဝန်ကျောင်းသို့ ပြန်သွား၏။ အိမ်ရောက်၍ သူ့အဖေကို ပြောသောအခါ ပုဏ္ဏားက မြတ်စွာဘုရား ထိခိုက်ပျက်စီး သေကျေမည်စိုးသဖြင့် ပုဆိုးအသစ်များဖြင့် လဲယူရန်ကျောင်းသို့ လိုက်လာ၏။ ကြွက်ကိုက်ပုဆိုးသည် အမင်္ဂလာဖြစ်၍ အသက်လဲသေ၊ ပစ္စည်းဥစ္စာများလဲ ဆုံးရှုံးတတ်ပါသဖြင့် ပုဆိုးအသစ်ကိုယူကာ အဟောင်း သူ့ကို ပြန်ပေးရန် ပြော၏။ ဤတွင် မြတ်စွာဘုရားက ငါတို့မှာ ဒီလို အယူများ မရှိကြောင်း၊ ပညာရှိသူများသည်လည်း တွေ့မြင်သမျှကို မင်္ဂလာဟု မယူသင့်ကြောင့် ဟောသဖြင့် မိစ္ဆာအယူပျောက်ကာ သောတာပန်ဖြစ်သွားကြ၏။

(မင်္ဂလဇာတ်၊ အပါယိမှဝဂ်၊ ဧကကနိပါတ်။)

**မာတင်္ဂဇာတ်။** ။ဘုရားလောင်း မာတင်္ဂသုခမိန်သည် ဒွန်းစဏ္ဍားမျိုး၌ဖြစ်ပြီး ဗာရာဏသီမြို့ပြင်၌နေ၏။ ဗာရာဏသီသူဌေးသမီး ဒိဋ္ဌမင်္ဂလိကာသည် တစ်လတစ်ကြိမ် အခြံအရံဖြင့် ဥယျာဉ်သို့ ထွက်၏။ ဤတွင် ဘုရားလောင်းသည် အကြောင်းကိစ္စဖြင့် မြို့တွင်းသို့ ဝင်လတ်သော လမ်း၌ သူဌေးသမီးကိုတွေ့သဖြင့် သင့်တော်ရာ၌ ပုန်း၍နေ၏။ ထိုအခိုက် သူဌေးသမီးက လိုက်ကာကိုလှပ်၍ ကြည့်လတ်သော လမ်းဘေး၌ ပုန်းနေသော မာတင်္ဂကိုတွေ့၏။ "ဒီလူက ဘယ်သူလဲ"ဟု မေးသောအခါ "ဒွန်းစဏ္ဍားမာတင်္ဂ-ပါ အရှင်မ" ဟု ဆိုလတ်သော မင်္ဂလာ မရှိသည်ကို မြင်ရလေခြင်းဟုဆိုကာ မျက်နှာကို နံ့သာများဖြင့် ဆေး၍ အိမ်သို့ လှည့်ပြန်သွား၏။ နောက်ပါ အခြံအရံများလည်း သူ့ကြောင့်ပျော်ပွဲစားခရီးပျက်သည်ဟု ဆိုကာ စိတ်ဆိုးပြီး ဝိုင်းဝန်းရိုက်နှက်ပုတ်ခတ်ပြီး ထွက်သွားလေ၏။

(မာတင်္ဂဇာတ်၊ဝီသတိနိပါတ်။)

**အိန္ဒိယက ဇာတ်ဝါဒ။** ။အိန္ဒိယ၌ ဇာတ်ဝါဒခွဲခြားမှုသည် ပြင်းထန်၏။ ဇာတ်နိမ့်က ဇာတ်မြင့်ကို မထိရ။ ထိလျှင် အမင်္ဂလာဖြစ်သည်၊ အသရေယုတ်သည်ဟု အယူရှိ၏။ တခါက စာသင်ကျောင်းတစ်ခုတွင် ဇာတ်နိမ့်ကျောင်းသားက ဇာတ်မြင့်ကျောင်းဆရာကို မတော်တဆ သွားထိမိ၍ အကြီးအကျယ်စိတ်ဆိုးကာ ထိုကျောင်းသားကို အပြင်းအထန် ရိုက်နှက်နှိပ်စက်ခဲ့သည်ဟု စာတစ်စောင်တွင် ဆို၏။

**နက္ခတ်စောင့်၍ သတို့သမီးဆုံးရှုံးရ** ။တခါက တော၌နေသောသူသည် သာဝတ္ထိမြို့သူတစ်ယောက်ကို သူ့သားနှင့်ပေးစားရန် တောင်း၏။ မင်္ဂလာဆောင်မည့်နေ့ရောက်မှ သူ့ဆရာအာဇီဝကကို နက္ခတ်ကောင်း မကောင်း သွားမေးရာ သူ့ဆရာက အခုမှ လာမေးရ ကောင်းလားဟု စိတ်ဆိုးပြီး ဒီနေ့နက္ခတ်မကောင်း၊ မင်္ဂလာဆောင်ရင် အကြီးအကျယ် ပျက်စီးဆုံးရှုံးမည် ပြောလိုက်၏။ ထို့ကြောင့် ယနေ့မသွားဖြစ်တော့။ သာဝတ္ထိမြို့ပေါ်က သတို့သမီး၏ မိဘဆွေမျိုးများက အကြီးအကျယ်အခမ်းအနားဖြင့် ပြင်ဆင်စောင့်နေကြပြီး မလာတော့နောက်ဆုံး အခြားအမျိုးသားတစ်ယောက်နှင့် ပေးစားလိုက်တော့၏။ နောက်နေ့မှ သွားသောအခါ ကတိမတည်သူအဖြစ် သတို့သမီးမိဘဆွေမျိုးများ အားလုံးက ဝိုင်းဝန်းကဲ့ရဲ့ အော်ဟစ် မောင်းထုတ်လိုက်ကြကုန်၏။ ဤအကြောင်းမြတ်စွာဘုရားအား လျှောက်ထားသဖြင့် မြတ်စွာဘုရားက-

နက္ခတ္တံ ပဋိမာနေ္တံ၊ အတ္ထော ဗာလံ ဥပစ္စဂါ။

အတ္ထော အတ္ထဿ နက္ခတ္တံ၊ ကိံ ကရိဿန္တိ တာရကာ။

နက္ခတ်စောင့်နေသော လူမိုက်ကို သတို့သမီးကိုရခြင်းဟူသော အကျိုးသည် (မရလိုက်ပဲ)ကျော်လွန်သွား၏။ အလိုရှိအပ်သော အကျိုးသည် အလိုရှိသောသူ၏ နက္ခတ်ကောင်းပေတည်း။ ကောင်းကင်က နက္ခတ်တာရာသည် ဘယ်အကျိုးကို ပြုစေနိုင်သနည်း။

(နက္ခတ္တဇာတ်၊ အတ္ထကာမဝဂ်၊ ဧကကနိပါတ်။)

**မဟာစည်ဆရာတော်၏အာဘော်**

အလှူပွဲ ထိမ်းမြားပွဲ စသည့်မင်္ဂလာကိစ္စကို ပြုကြတဲ့အခါမှာ ရက်ကောင်းနေ့ကောင်း အချိန်ကောင်းကို ရွေးကြတယ်။ အိမ် ကျောင်းစသည် ဆောက်လုပ်တဲ့အခါမှာလည်း အချိန်ကောင်း ရွေးချယ်ပြီး ပန္နက်အုတ်မြစ်ချကြရတယ်။ ဒါတွေလဲ မင်္ဂလာအစွဲအလမ်း တွေပါပဲ။ <u>**အမှန်ကတော့ နေ့ရက်အချိန်က ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အချိုးတကျ မဆောင်ရွက်လျှင်တော့ မအောင် မြင်ပါဘူး။ အဲဒါ စဉ်းစားကြည့်ဖို့ကတော့ ထိမ်းမြားမင်္ဂလာပြုကြရာမှာရက်ကောင်းအချိန်ကောင်းတွေရွေးပြီးဆောင်ရွက်ကြပေမဲ့ အချင်းချင်းဆက်ဆံရေးကလဲ အဆင်မပြေတော့ တကွဲတစ်ပြားစီ ဖြစ်သွားကြတာတွေလဲအများကြီးရှိနေတာပဲ၊**</u>

<u>**ဒါကြောင့် ဘုန်းကြီးတို့ကတော့ရက်ရာဇာ ပြဿဒါး စသည်တွေကို ယုံကြည်တာဟာ အလုပ်ပိုဘဲလို့ အသိအမှတ် ပြုထား ပါတယ်။. . . . .။ ဒီဂါထာမှာ လောကီမင်္ဂလာကို ပယ်ရမယ်ဆိုတာက အဲဒီမင်္ဂလာကြောင့်ပင် ကောင်းကျိုးဆိုးကျိုးရတယ်လို့ အယူအစွဲ ကို ပယ်ဖို့ပါပဲ။**</u> အမှန်ကတော့ ကောင်းကျိုးဆိုးကျိုးဆိုတာ ရှေးကုသိုလ်ကံ အကုသိုလ်ကံနှင့်လဲ ဆိုင်တယ်။ ယခုမျက်မှောက်မှာ သင့်တော်တဲ့အလုပ် မသင့်တော်တဲ့အလုပ်နဲ့လဲ ဆိုင်တယ်။ ဒါကြောင့် ကုသိုလ်ကံကြောင့် မင်္ဂလာကိုတွေ့ရတယ်။ အဲဒီကုသိုလ်ကြောင့်ပဲ ကောင်းကျိုးကို ရတယ်။ အကုသိုလ်ကံကြောင့် အမင်္ဂလာကို တွေ့ရတယ်။ အဲဒီအကုသိုလ်ကံကြောင့်ပဲ မကောင်းကျိုးကို ရတယ်လို့ ကံကိုသာပဓာနပြုပြီး ယုံကြည်ယူဆဖို့ပါပဲ။ အဲဒါဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြင့် ယူဆတဲ့ အမြင်မှန်ပါပဲ။

(သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်မှ၊ နှာ၊ ၈-၉။)

**ရက်ကောင်းစောင့်လို့ မျက်စိကန်းရ၊** ။တခါက မြိတ်မှ ဒကာမကြီးတစ်ယောက် မျက်စိခွဲရန် ရန်ကုန်ရောက်လာ၏။ ခွဲခါနီး ရက်ကောင်းရွေးနေသဖြင့် အနည်းငယ် နောက်ကျသွားပြီး မျက်စိကွယ်ခဲ့ရ၏။ မျက်စိကောင်းအောင်လို့ ရက်ရာဇာစောင့်လိုက်ခါမှ မျက်စိကွယ်ရတော့၏။ (သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်၊ နှာ၊၁၂။)

**နမ္မားဆရာတော်ကြီး အရှင်ဉာဏ၏ ဩဝါဒ-**
**ရက်ရာဇာနေ့စားတဲ့ ငရုပ်သီး မစပ်ဘူးလား...**

"ရက်ရာဇာနေ့မှာ ငရုပ်သီးစားရင် မစပ်ဘူးလား"
"စပ်ပါတယ်ဘုရား.."
"ရက်ရာဇာနေ့မှာလုပ်သော အကုသိုလ်သည် မကောင်းကျိုးကို မပေးပဲနေပါ့မလား.."
" မနေပါဘုရား.."
"ကံမကောင်းသောသူသည် ရက်ရာဇာနေ့မှာ အိမ်တိုင်ထူခြင်းကြောင့် ချမ်းသာပါ့မလား"
" မချမ်းသာပါဘုရား..."
"မောင်စိန်တို့ရွာမှာ အိမ်ခြေဘယ်လောက်ရှိသလဲ"
"၁၀၀ ရှိပါတယ်ဘုရား..."
"၄င်း အိမ်ခြေ ၁၀၀ မှာ ရက်မရွေးဘဲ ဆောက်တဲ့အိမ် ပါရဲ့လား"
"မပါ ပါဘုရား "
"ရက်ရွေးပြီးဆောက်တဲ့ အိမ်တွေသည် ချမ်းသာတဲ့အိမ်တွေ ချည်းပဲလား"
"မွဲသော အိမ်တွေသာ များပါတယ်ဘုရား"
"ဒီလိုဆိုရင် ရက်ကောင်းတွေက ကောင်းကျိုးပေးနိုင်ပါသလား..."
"မပေးနိုင်ပါဘုရား"
"ရက်မရွေးဘဲ မင်္ဂလာဆောင်တဲ့ လင်မယားရှိရဲ့လား"
"မရှိပါဘုရား"
"လင်မယားတိုင်း မကွဲမကွာနှင့် ချမ်းသာတာချည်းပဲလား"
"မဟုတ်ပါဘုရား..."
"ရက်ကောင်းတွေကိုအားကိုးရတာ အလကားပေါ့ .."
"အလကားပါဘုရား.."
"ကုသိုလ်ကိုအားကိုးမှ ဗုဒ္ဓဘာသာကွယ့် မောင်စိန်ရဲ့..."
"မှန်ပါ့ဘုရား.."
**********************************
"ပြဿဒါးနေ့မှာ ထန်းလျက်ခဲကို စားရင်မချိုဘူးလား"
"ချိုပါတယ်ဘုရား.."
"ကုသိုလ်လုပ်ရင် ကုသိုလ်မဖြစ်ဘူးလား"
"ဖြစ်ပါတယ်ဘုရား"
"ကုသိုလ်ကံသည် အကျိုးပေးခွင့်ရသော်လည်း ပြဿဒါးနေ့မှာ အကျိုးမပေးသေးဘဲ ဆိုင်းငံ့နေတယ်လို့ ဘုရားဟောပါသလား"
"မဟောပါဘုရား"
"ဒီလိုဆိုရင် ကံကောင်းထောက်ပံ့နေသောသူသည် ပြဿဒါးနေ့မှာ အိမ်တိုင်ထူခြင်းကြောင့် မကောင်းကျိုးကို ရဦးမှာလား"
"မရပါဘုရား"

"ကြောက်စရာ အကုသိုလ်ကိုသာ ကြောက်ရမယ်မဟုတ်လား"
"မှန်ပါ့ဘုရား"
"ဒီလိုဆိုရင် ပြဿဒါးနေ့က ကြောက်စရာမဟုတ် ... အကုသိုလ်သာကြောက်ရမယ်မဟုတ်လား ... အဲတာ ကြောင့် အကုသိုလ်ကို မကြောက်ပဲ ပြဿဒါးကိုကြောက်နေလျှင် ဗြာဟ္မဏဘာသာ။ ပြဿဒါးကိုမကြောက် အကုသိုလ်ကိုကြောက်မှ ဗုဒ္ဓဘာသာလို့မှတ်ကွဲ့."
(ဆရာမင်းနန်(မော်ကျွန်း)၏ ဆရာတော်ကြီးများ၏ ဩဝါဒတော်များ ပေါင်းချုပ်မှ)

**သောတာပန်၌ လောကီမင်္ဂလာစွဲ မှိရ** ။သောတာပန်ဖြစ်သည်နှင့် မှားယွင်းသောအယူမှန်သမျှ ဒိဋ္ဌိသံယောဇဉ်ကိုလည်း ပယ်၏။ လွဲမှားသောအကျင့်မှန်သမျှ သီလဗ္ဗတပရာမာသ သံယောဇဉ်ကိုလည်း ပယ်၏။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်၌ လောကီအယူ မင်္ဂလာစွဲများ မရှိတော့။ (သောတာပန်ပုဂ္ဂိုလ်၌ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ဣဿာ၊ မစ္ဆရိယ ဤသံယောဇဉ်ငါးပါးကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၏။ သောတာပတ္တိဝဂ္ဂ၊ ခန္ဓ-သံ-ပါ-၁၆၆၊ ဌ-၃၁၀။ ပဟီနသုတ်၊ ၆-ပါ-၃၈၂။ ဌ-၁၄၀။)

**အိပ်မက်အတိတ်၊** ။ဘုန်းကြီးသောပုဂ္ဂိုလ်များ၌ ကုသိုလ်အကုသိုလ်က ကောင်းကျိုးဆိုးကျိုးများ ပေးခါနီး၌ ထင်ပေါ်တတ်ကြောင်း ကျမ်းဂန်များတွင် ဆို၏။ ရဟန္တာဖြစ်သွားလျှင်ကား အိပ်မက် မမက်တော့ပေ။ (သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော်၊ နာ၁၃။)

(ဆောင်) လောကီမင်္ဂလာ၊ စွန့်ပယ်ခွါ၊ ကောင်းစွာ ကျင့်နေသည်။

*************************

**၃။ ရာဂံ ဝိနယေထ မာနုသေသု၊**
**ဒိဗ္ဗေသု ကာမေသု စာပိ ဘိက္ခု။**
**အတိက္ကမ္မ ဘဝံ သမေစ္စ ဓမ္မံ၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။ကာမဂုဏ်ပယ်ခွါတောထွက်လာသောရဟန်းသည် လူ့လောက ကာမဂုဏ်တို့၌၄င်း၊ နတ်လောက ကာမဂုဏ်တို့၌၄င်း တပ်မက်သာယာတတ်သောတဏှာကို အနာဂါမိမဂ်ဖြင့် ပယ်ဖျောက်ရာ၏။ သစ္စာလေးပါးတရားကိုကောင်းစွာသိခြင်းကြောင့်ကာမဘဝ, ရူပဘဝ, အရူပဘဝ တည်းဟူသော ဘဝသုံးပါးကို ကျော်လွန်၍ တည်ရာ၏။ ထိုဘဝသုံးပါးကို ကျော်လွန်၍ တည်သောရဟန်းသည်လောကကြီးနှင့် မငြိမတွယ် အောင် ကောင်းစွာ ကျင့်ကြံနေသည်မည်၏။**

**ကာမရာဂကြောင့် ဒုက္ခမျိုးစုံဖြစ်ရ**

အာနန္ဒာ--ခံစားခြင်းကြောင့်→တပ်မက်ခြင်း တဏှာဖြစ်၏။ တပ်မက်ခြင်းကြောင့်→ရှာမှီးရခြင်း ဖြစ်၏။ ရှာမှီးရခြင်းကြောင့်→ ရရှိခြင်း ဖြစ်၏။ ရရှိခြင်းကြောင့်→အသုံးချရန်စိတ်ပိုင်းဖြတ်ခြင်း ဖြစ်၏။ စိတ်ပိုင်းဖြတ်ခြင်း ကြောင့်→နှစ်သက်စွဲလမ်းခြင်း ဆန္ဒရာဂဖြစ်၏။ နှစ်သက်စွဲလမ်းခြင်းကြောင့်→"ငါ့ဟာ"ဟု စွဲမြဲစွာ ဆုံးဖြတ်ခြင်း ဖြစ်၏။ စွဲမြဲစွာဆုံးဖြတ်ခြင်းကြောင့်→သိမ်းပိုက်ခြင်းဖြစ်၏။ သိမ်းပိုက်ထားရခြင်းကြောင့်→နှမြောဝန်တိုခြင်း

ဖြစ်၏။ နမြောဝန်တိုခြင်းကြောင့်→ဥစ္စာကိုစောင့်ရှောက်ရခြင်းဖြစ်၏။ ဥစ္စာကိုစောင့်ရှောက်ရခြင်းကြောင့်→ တုတ်ဓားလက်နက် ကိုင်ဆောင်ရခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆန့်ကျင်ခြင်း၊ ငြင်းခုံခြင်း၊ မခံသာအောင် ပြောဆိုရခြင်း၊ ဂုံးတိုက်ခြင်း၊ လိမ်ပြောခြင်းဟူသော ယုတ်မာသော အကုသိုလ်တရား များစွာတို့ ဖြစ်လာကြကုန်၏။

(မဟာနိဒါနသုတ်၊ မဟာဝဂ္ဂပါဠိတော်။)

**ပယ်ပုံ ၂-မျိုး။** ။ ဝိပဿနာရှုနေသော ယောဂီမှာ ပစ္စုပ္ပန်ဖြစ်ပျက်နေသော ရုပ်နာမ်တရားများကို အမြဲမပြတ် တရစပ် ရှုမှတ်နေလျှင် ကာမရာဂ တရားများ မဝင်နိုင်။ ဝင်လာလျှင်လည်း ထိုကာမရာဂကိုပင် **ရှုမှတ်ပြီး ပယ်ရမည်။** တရားအားမထုတ်သောအချိန်များတွင် "ဤကာမရာဂတရားများသည် အပါယ်ဘုံထိအောင် ပစ်ချနိုင်သော၊ ဆင်းရဲမျိုးစုံကို ပေးတတ်သော တရားဆိုးများဖြစ်၏"ဟု **ဆင်ခြင် သောအားဖြင့် ပယ်ရမည်။**

**ငါးခုံဆရာတော်၏ကိလေသာပယ်နည်း။** ။ငါးခုန်ဆရာတော်ကြီးသည် ဘုရားဆုပန်ဖြစ်သတဲ့။ တခါတလေ ပုထုဇဉ်အားလျော်စွာ ဒေါသစတဲ့ကိလေသာများဖြစ်လာလျှင် ဘုရားရှေ့သို့သွားပြီး "မြတ်စွာဘုရား... တပည့်တော် ငါးခုန်ရဲ့သန္တာန်မှာ ယုတ်မာဆိုးဝါးလှတဲ့ ဒေါသကိလေသာတွေ ဝင်ရောက်ဖျက်ဆီးနေပါတယ် ဘုရား။ ဒေါသကင်းဝေးတော်မူသော မြတ်စွာဘုရားအား အကြိမ်ကြိမ် ရှိခိုးကန်တော့ပါ၏ဘုရား။ ဘုရားတပည့် တော်ရဲ့ သန္တာန်မှာ စွဲလမ်းကပ်ငြိနေတဲ့ ဒီဒေါသကိလေသာကို ကယ်မ ပယ်ချွတ်တော်မူပါဘုရား"ဟု လျှောက် ထားပြီး ဒေါသမငြိမ်းမချင်း ဘုရားရှေ့မှာ ဝတ်ပြုနေလေ့ရှိသတဲ့။

**စတုသစ္စကမ္မဋ္ဌာန်း** ။ ဝဋ္ဋသစ္စာဟုခေါ်အပ်သော ဒုက္ခနှင့် သမုဒယ (၂)ပါးကိုသာ ရှုမှတ်အားထုတ်ရမည်။ ဝိဝဋ္ဋသစ္စာ ဟူသော နိရောဓ သစ္စာနှင့် မဂ္ဂသစ္စာ ၂-ပါးကိုကား "ဣဋ္ဌံ ကန္တံ မနာပံ= အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သောတရားများ"ဟု ဆင်ခြင်သောအားဖြင့် စိတ်ညွတ်လိုလားမှုကို ဖြစ်စေရမည်။ ဤသို့ဖြစ်စေ လျက် ဝိပဿနာမဂ္ဂင်များကို ပွားများအားထုတ်ရမည်။

**ကာမရာဂပယ်ရန်**

သီလစင်ကြယ်မှုမှ စတင်၍ သမာဓိဘာဝနာ အလုပ်ဖြင့် ဈာန်ရလျှင် ကာမစ္ဆန္ဒနီဝရဏများ ဝေးကွာနေ၏။ သို့သော် ဆန့်ကျင်ဘက်အာရုံများကြောင့် ဈာန်လျှောတတ်၍ စိတ်မချရပေ။ ထိုဈာန်စိတ်ကို ဝိပဿနာ ရှုပြီး အနာဂါမ်ရောက်သွားလျှင်ကား လူ့ဘုံနတ်ဘုံ၌ တပ်မက်သာယာသော တဏှာလုံးဝဖြစ်ခွင့်မရှိတော့ပေ။ ဝိပဿနာရှုသူများမှာ ရုပ်နာမ်တရားကို ခဏိကသမာဓိဖြင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးထင်အောင်ရှုပြီး ဝိပဿနာဉာဏ်စဉ်အတိုင်းတက်ကာ အနာဂါမိမဂ်ဖိုလ် ရောက်သွားနိုင်၏။ ထိုအခါ ကာမတဏှာကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၍ လူနတ်လောက၊ လူနတ်ဘဝကို ကျော်လွန်သွားတော့၏။

သို့သော် ရူပဘဝ အရူပဘဝ အပေါ်မှာ ကပ်ငြိမှုတော့ ရှိနေသေး၏။ ထိုကြောင့် သံသရာဒုက္ခတို့မှ လွန်မြောက်ရန် သစ္စာလေးပါးတရားကိုသိအောင် ဆက်၍ အားထုတ်လိုက်သောအခါ ဘဝသုံးပါးလုံး၌ ကပ်ငြိမှုမရှိတော့ဘဲ လုံးဝလွန်မြောက်သွားတော့ ၏။

(ဆောင်) လူ့ပြည်ကာမ၊ နတ်ကာမ၊ ရာဂတပ်မက် ပယ်ရမည်။
တရားသိလျင်း၊ ဘဝကင်း၊ သန့်ရှင်းကောင်းစွာ နေရသည်။

****************************

**၄။ ဝိပိဋ္ဌိ-ကတ္တာန ပေသုဏာနိ၊**
**ကောဓံ ကဒရိယံ ဇဟေယျ ဘိက္ခု။**
**အနုရောဓ-ဝိရောဓ-ဝိပ္ပဟီနော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။လူ့ဘောင်ရှောင်ခွါတောထွက်လာသော ရဟန်းသည် တဘက်သားလူ အပြစ်ပြောသည့် ကုန်းချောစကားနှင့် အလွန်အမျက်ဒေါသထွက်ခြင်း(ရန်ငြိုးဖွဲ့ခြင်း)တို့ကို အနာဂါမိမဂ်ဖြင့် ကျောပေးထားသည့် အလား စွန့်ပယ်ရှား၍၊ နမြောဝန်တို မပေးကမ်းလိုခြင်း မစ္ဆရိယတရားကိုလည်း သောတာပတ္တိမဂ်ဖြင့် ပယ်စွန့်ရာ၏။ သဗ္ဗါရဝတ္ထုတို့၌ လိုက်လျောညီထွေ နှစ်သက်တတ်ပေသည့် လောဘ၊ မလိုဆန့်ကျင် မုန်းတီးခြင်းတည်းဟူသော ဒေါသ ဤကိလေသာနှစ်ပါးတို့ကိုအနာဂါမိမဂ်, အရဟတ္တမဂ်တို့ဖြင့် ပယ်စွန့်ပြီး ဖြစ်ရာ၏။ ဂုံးတိုက်ခြင်း၊ အမျက်ထွက်ခြင်း၊ နမြောဝန်တိုခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းတို့ကို ပယ်ပြီးသော ထိုရဟန်းသည် လောက ကြီးနှင့် မငြိမတွယ်အောင် ကောင်းစွာ ကျင့်ကြံနေသည်မည်၏။**

၁။ ချစ်ခင်ညီညွတ်နေသူများ အချင်းချင်းကွဲပြားအောင် ဝေဿကာရအမတ်ကဲ့သို့ ကုန်းချောစကား ပြောခြင်းကို အနာဂါမိမဂ်ဖြင့် ပယ်ရမည်။

**ကုန်းတိုက်လို့ ဝက်ပြိတ္တာဖြစ်ရ။** ။ကဿပဘုရားလက်ထက် မထေရ်ကြီးနှစ်ပါး တစ်ကျောင်းတည်းအတူ နေကြ၏။ တနေ့ ဓမ္မကထိက ရဟန်းရောက်လာပြီး ကျောင်းရလို၍ မထေရ်ကြီးနှစ်ပါးမတည့်အောင် ကုန်းတိုက်၏။ မထေရ်ကြီးနှစ်ပါး ထွက်သွားသောအခါ ထိုကျောင်းကို သူရလိုက်၏။ နောင် နှစ်ပေါင်းတစ်ရာကြာမှ မထေရ်ကြီးနှစ်ပါး ပြန်ဆုံမိကြ၏။ သူတို့နှစ်ပါးမတည့်အောင် ကြားက ဓမ္မကထိကရဟန်း ကုန်းချောသည်ကို နောက်မှ သိရ၍ ဓမ္မကထိကရဟန်းကို နှင်ထုတ်လိုက်ကြ၏။ ထိုရဟန်းသေသောအခါ အဝီစိငရဲသို့ကျသွားပြီး ပြန်လွတ်လာသောအခါ ဂိဇ္ဈကုဋ်တောင်ခြေ၌ လူကိုယ်၊ ဝက်ခေါင်း၊ ပါးစပ်မှာ အမြီးပေါက်ပြီး သူ့ပါးစပ်ထဲမှ ပိုးလောက်များ တရွရွထွက်ကျနေသော ပြိတ္တာကြီးဖြစ်ရ၏။ (သုကရပေတဝတ္ထု၊ ဓမ္မပဒ၊ ဒု၊ ၂၅၈။)

၂။ ဒေါသကိုလည်း အနာဂါမိမဂ်ဖြင့် ပယ်ရ၏။ အနာဂါမိမဂ်မရသေးလျှင် ရှုမှတ်၍ဖြစ်စေ၊ ဒေါသ၏အပြစ်ကို ဆင်ခြင်၍ဖြစ်စေ ပယ်ရမည်။
၃။ သူတပါးက ကဲ့ရဲ့လောက်အောင် နမြောစေးနဲခြင်း ကဒရိယကို သောတာပတ္တိမဂ်ဖြင့် ပယ်ရမည်။

> **မစ္ဆရိယနှင့် ကဒရိယ အထူး။** ။မိမိပိုင်ပစ္စည်းကို နမြောဝန်တိုလျှင် မစ္ဆရိယခေါ်၏။ ကိုယ်တိုင် မစ္ဆရိယတရားကိန်းရုံသာမက သူတစ်ပါး ၏ ဒါနအလ္လရာယ်ကိုပြုခြင်း၊ ရဟန်းတို့ကို ဆဲရေးခြင်းစသည်ကို ပြုခြင်းလျှင် ကဒရိယဟုခေါ်၏။
> (သံ၊ပါ၊ ၃၁။ ဌ၊ ၈၄။)

မစ္ဆရိယ ၅-မျိုး
(က) အာဝါသမစ္ဆရိယ = ကျောင်းကံတိုက်တာ အရိပ်အာဝါသတို့၌ ဝန်တိုမှု။
(ခ) ကုလမစ္ဆရိယ = ဒကာ ဒကာမ ဆွေမျိုးများ၌ ဝန်တိုမှု။
(ဂ) လာဘမစ္ဆရိယ = ပစ္စည်းလာဘ်လာဘ၌ ဝန်တိုမှု။

(ဃ) ဝဏ္ဏမစ္ဆရိယ = ကိုယ်အဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုမှု။
(င) ဓမ္မမစ္ဆရိယ = တရားတော်၌ ဝန်တိုမှု။
(အံ၊ ၅၊ ပါ၊ ၂၂၅။ ဋ္ဌ၊ ၈၁။)

၄။ အာရုံတို့၌ ရာဂဖြင့်တပ်မက်ပြီး လိုက်လျောညီထွေဖြစ်မှု(ချစ်ခင်မှု)ကို အရဟတ္တမဂ်ဖြစ် ပယ်ရမည်။
၅။ အာရုံတို့နှင့် ဆန့်ကျင့်မှု မုန်းတီးခြင်း ဒေါသကို အနာဂါမိမဂ်ဖြင့် ပယ်ရမည်။

(ဆောင်) ကုန်းချောစကား၊ ကျောပေးထား၊ မျက်ပွားဝန်တို ပယ်ရမည်။
လိုက်လျောဆန့်ကျင်၊ စွန့်ပယ်လျှင်၊ လူတွင်ကောင်းစွာ နေရသည်။
************************

**၅။ ဟိတွာန ပိယဉ္စ အပ္ပိယဉ္စ၊**
**အနုပါဒါယ အနိဿိတော ကုဟိဉ္စိ။**
**သံယောဇနိယေဟိ ဝိပ္ပမုတ္တော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။ ရဟန်းသည် (ရုပ်နာမ်ခန္ဓာကို) တဏှာဒိဋ္ဌိတို့၏အစွမ်းဖြင့်မစွဲလမ်းခြင်းကြောင့် တစုံတခု သော ရုပ်နာမ်ခန္ဓာတို့၌ တဏှာဒိဋ္ဌိတည်းဟူသောမှီရာမှီကြောင်းဖြင့် မကပ်မှီခြင်းကြောင့် ချစ်အပ်သော သတ္တဝါ သင်္ခါရ တို့ကိုင်၄င်း၊ မချစ်အပ်သော သတ္တဝါသင်္ခါရတို့ကို၄င်း ဆန္ဒရာဂကို ပယ်ခြင်းအားဖြင့် စွန့်ရာ၏။ (ထိုသို့ ပယ်စွန့်ခြင်းကြောင့်) သံယောဇဉ်ဆယ်ပါးတည်းဟူသောဆွဲငင် တွဲယှဉ်တတ်သော တရားတို့၏ လောကီအာရုံ ဖြစ်သော တေဘုမ္မက ချည်တိုင်များမှ မင်္ဂစခန်းပေါက်၍ လွတ်မြောက်သည်ဖြစ်ရာ၏။သံယောဇဉ် ၁ဂပါးနှင့် ၄င်းတို့၏ လောကီရုပ်နာမ် ချည်တိုင်များမှ လွတ်မြောက်ပြီးသောထိုရဟန်းသည် လောကကြီးနှင့် မကပ်ငြိဘဲ ကောင်းစွာ ကျင့်ကြံနေထိုင်သည် မည်၏။**

အဓိပ္ပါယ်။ ။ဥပါဒါန်လေးပါးဖြင့်(သို့မဟုတ်)တဏှာဒိဋ္ဌိဖြင့် မြဲမြဲမြံမြံ ပြင်းထန်စွာ အာရုံကိုစွဲယူခြင်းမရှိလျှင်၄င်း၊ တဏှာဒိဋ္ဌိတို့ဖြင့် ရုပ်နာမ်ခန္ဓာတို့၌ ငါ ငါ့ဥစ္စာ ပုဂ္ဂိုလ်သတ္တဝါဟု ထင်မှားခြင်းအားဖြင့် မှီကပ်ရပ်တည်ခြင်း မရှိ လျှင်၄င်း ချစ်အပ်မုန်းအပ်သော သတ္တဝါ သင်္ခါရတို့ကို ပယ်စွန့်နိုင်ရာ၏။ (ချစ်တတ်သည့် ဆန္ဒရာဂနှင့် မုန်းတတ်သည့် ဒေါသတို့ကို ပယ်စွန့်ခြင်းကိုပင် ချစ်အပ်မုန်းအပ်သော သတ္တဝါသင်္ခါရတို့ကို ပယ်စွန့်သည်ဟု ဆိုလို၏။)

| ပုဂ္ဂိုလ် | သံယောဇဉ် |
|---|---|
| ပုထုဇဉ် | ကာမရာဂ သံယောဇဉ်၊ ဘဝရာဂ-၊ ပဋိဃ-၊ မာန-၊ဒိဋ္ဌိ-၊ ဝိစိကိစ္ဆာ-၊ ဣဿာ-၊ မစ္ဆရိယ-၊ အဝိဇ္ဇာသံယောဇဉ်။ |
| သောတာပန်၊ သကဒါဂါမ် | ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာ-၊ သီလဗ္ဗတပရာမာသ-၊ ဣဿာ-၊ မစ္ဆရိယ-။ |
| အနာဂါမ် | ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်။ |
| ရဟန္တာ | ဘဝရာဂ သံယောဇဉ်၊ မာန-၊ အဝိဇ္ဇာ-။ |

**ကြိုး-ချည်တိုင်-ချည်ခံရသူ**
၁။ သံယောဇဉ် ၁၀-ပါးသည် ချည်တတ်သည့် ကြိုး
၂။ အာရုံငါးပါးသည် ချည်တိုင်
၃။ သတ္တဝါများသည် အချည်ခံနေရသူများ

(ဆောင်) ချစ်မုန်းပယ်ပြီ၊ မစွဲမှီ၊ နှောင်ချည်ရာများ လွတ်ရမည်။
လောကီမင်္ဂလာ၊ တဏှာသုံးသွယ်၊ ချစ်မုန်းပယ်၍၊ မှီတွယ်ကင်းစင်၊ သံယောဇဉ်၊
လွတ်လျှင် ထွက်နိုင်သည်။
****************************

**၆။ န သော ဥပဓီသု သာရ'မေတိ၊**
**အာဒါနေသု ဝိနေယျ ဆန္ဒရာဂံ။**
**သော အနိဿိတော အနညနေယျော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။ ရဟန်းသည် ပြင်းထန်စွာစွဲလမ်းအပ်သော လောကီခန္ဓာငါးပါးတို့၌စွဲလမ်းကပ်ငြိတတ်သော တဏှာလောဘကို အရဟတ္တမဂ်ဖြင့် ပယ်ဖျောက်ပြီး၍၊ ဒုက္ခ၏တည်ရာ ခန္ဓာငါးပါးတို့၌ နိစ္စ,သုခ,အတ္တ,သုဘ ဟူသော အနှစ်သာရ ရှိသည်၏အဖြစ်သို့ အမြင်မှောက်မှား၍ ရောက်မသွားတော့ဆဲ။(အဋ္ဌကထာနည်း)**
**(တနည်း) ရဟန်းသည် ဆင်းရဲ၏ ကပ်မှီ၍တည်ရာ ခန္ဓာငါးပါးတို့၌ အနှစ်သာရ ရှိသည်ဟု ထင်မှတ်ခြင်းသို့ မရောက်တော့။ ခန္ဓာတို့၌ အနှစ်သာရရှိ၏ဟု မထင်သော ထိုရဟန်းသည် ပကတိလူတို့က ငါ ငါ့ဥစ္စာ အနေဖြင့် စွဲလမ်းအပ်သော ရုပ်နာမ်ခန္ဓာတို့၌ လိုလားတပ်မက်ခြင်းဆန္ဒရာဂကို ပယ်ဖျောက်၍ တည်နေတော့၏။ (မဟာစည်ဆရာတော်အလို)**
**ခန္ဓာငါးပါးတို့၌တဏှာဒိဋ္ဌိ၏ အစွမ်းအားဖြင့် မမှီမတွယ်တော့ဘဲ ခန္ဓာငါးပါးတို့၌ အနိစ္စ,ဒုက္ခ,အနတ္တ, အသုဘ ဟူ၍ သူတပါးက မသိစေအပ်ဘဲ ကိုယ်တိုင်ပင် သိတော့၏။ ထိုရဟန်းသည် လောကကြီးနှင့် မငြိတွယ်ဘဲ ကောင်းစွာ ကျင့်ကြံနေထိုင်သည်မည်၏။**

**ဥပဓိဟူသည်။** ။ဆင်းရဲချမ်းသာတို့၏ ကပ်၍တည်ရာ(အခြေခံ)ကို ဥပဓိဟုခေါ်၏။ ၎င်းတို့၏တည်ရာ ခန္ဓာကို အရကောက်ယူ၏။ (ဥပဓီ ဝုစ္စန္တိ ခန္ဓာ။ ဣတိဝုတ်၊ ဋ္ဌ၊ ၈၅။)

**ဥပဓိ ၄-မျိုး**
၁။ ကာမုပဓိ = လောက၌ ကာမဂုဏ်ကို အခြေခံ၍ ကာမဂုဏ်နှင့်စပ်သော ချမ်းသာမှုရှိ၏။ ထိုချမ်းသာမှု၏ အခြေခံဖြစ်သော အာရုံငါးပါး ကာမဂုဏ်တရားသည် 'ကာမုပဓိ'မည်၏။
၂။ ခန္ဓုပဓိ = လောက၌ အိုနာသေစသော များစွာသောဆင်းရဲတို့ ရှိကုန်၏။ ထိုဆင်းရဲများသည် ဤကိုယ်ခန္ဓာကို အမှီပြု၍ဖြစ်ကြသဖြင့် ဆင်းရဲအပေါင်းတို့၏တည်ရာ ဤကိုယ်ခန္ဓာသည် 'ခန္ဓုပဓိ'မည်၏။
၃။ ကိလေသုပဓိ = လောဘဒေါသ စသောကိလေသာတို့ကြောင့် သတ္တဝါတို့သည် အပါယ်ဆင်းရဲဒုက္ခနှင့် တွေ့ကြုံကြရ၏။ ထို့ကြောင့် အပါယ်ဆင်းရဲသို့ရောက်ကြောင်းအခြေခံဖြစ်သော လောဘဒေါသ

စသော ကိလေသာအပေါင်းသည် 'ကိလေသုပဓိ' မည်၏။

၄။ အဘိသင်္ခါရုပဓိ = ရဟန္တာမဖြစ်သေးသမျှ ဘဝရှိနေဦးမည်။ ဘဝရှိလျှင် ဒုက္ခရှိမည်သာ။ ဆင်းရဲအစုဖြစ်သော ထိုထိုဘုံဘဝသို့ ရောက်အောင် ကုသိုလ်အကုသိုလ်ကံတို့က ပို့ပေးတတ်၏။ ထို့ကြောင့် ဘဝဒုက္ခ၏ လက်သည်အကြောင်းရင်း အခြေခံ ကုသိုလ်အကုသိုလ်ကံသည် 'အဘိသင်္ခါရုပဓိ' မည်၏။

(နန္ဒနသုတ်၊ သဂါထာ၊ သံ၊ ဋ္ဌ၊ ၃၀။)

**အနိဿိတော = မမှီမတွယ်ခြင်းဟူသည်-**

ဆန္ဒရာဂကို ပယ်ပြီးသူသည် ဥပါဒါန်တို့၏ အစီးအပွား ခန္ဓာငါးပါးတို့၌ တဏှာဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် မမှီမကပ် (မမှီမတွယ်)ခြင်းကို ဆိုသည်။

(ထင်ရှားပါလျက် မရှုမှတ်မိခဲ့လျှင် နိစ္စ သုခ အတ္တ သုဘ ဟုထင်ကာ တဏှာဒိဋ္ဌိတို့ဖြစ်နိုင်၏။ ထိုသို့ဖြစ်နိုင်သည်ကိုပင် "**တဏှာဒိဋ္ဌိတို့ဖြင့် မှီတွယ်နေသည်**"ဟု ဆိုအပ်၏။ ထင်ရှားဖြစ်ပေါ်ခိုက်မှာပင် ရှုမှတ်မိ၍ အနိစ္စ ဒုက္ခ အနတ္တဟု ရှင်းလင်းစွာ သိအပ်ပြီးသော တရား၌ကား တဏှာဒိဋ္ဌိ မဖြစ်နိုင်တော့ပြီ။ ဤသို့မဖြစ်နိုင်တော့သည်ကိုပင် "**တဏှာဒိဋ္ဌိဖြင့် မှီတွယ်မှု ကင်းသည်**"ဟု ဆိုအပ်၏။ မဟာစည်ဆရာတော်၊ မဟာသတိပဋ္ဌာန်သုတ်ပါဠိနိသျ၊ ၇၈။)

(အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ မဟာသတိပဋ္ဌာနသုတ်၊ အာနာပါနပဗ္ဗ။)

**အနညနေယျော=သူတစ်ပါးက မသိစေအပ်ဟူသည်-**

ခန္ဓာငါးပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဟူသောသဘောတရားများကို သူတပါးက ပြောပြ၍ သိသည်မဟုတ်။ မိမိကိုယ်တိုင် ဆန္ဒရာဂကိုပယ်ထားပြီးဖြစ်သဖြင့် ထို အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဟူသော သဘောတရားများကို တွေ့မြင်ထားပြီးဖြစ်၍ ကိုယ်တိုင်သိထားသူဖြစ်၏ဟု ဆိုလိုသည်။

(ဆောင်) ဥပဓိတွင်၊ နစ်မမြင်၊ ထိုတွင်မလို မမက်ပြီ။
မှီတွယ်ကင်းစင်၊ ကိုယ်တိုင်ပင်၊ သိမြင်ကောင်းစွာ နေရသည်။

******************************

**၇။ ဝစသာ မနသာ စ ကမ္မုနာ စ၊**
**အဝိရုဒ္ဓေါ သမ္မာ ဝိဒိတွာ ဓမ္မံ။**
**နိဗ္ဗာန-ပဒါဘိ-ပတ္ထယာနော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။ ရဟန်းသည် ဝစီသုစရိုက်ကံနှင့်၄င်း၊ မနောသုစရိုက်ကံနှင့်၄င်း၊ ကာယသုစရိုက်ကံနှင့်၄င်း ဆန့်ကျင်ဘက်မပြုလုပ်ပဲသစ္စာလေးပါးတရားကို၄-ပါးသောမဂ်ဉာဏ်ဖြင့် သိပြီး၍ ဆင်းရဲငြိမ်းရာနိဗ္ဗာန်သို့ လိုလားတောင့်တ နေတော့၏။ ထိုရဟန်းသည် လောကကြီး မငြိမတွယ် မယှက်နွယ်ဘဲ ကောင်းစွာ ကျင့်နေသည် မည်၏။**

(ဆောင်) ကိုယ် နှုတ် စိတ်ဖြင့်၊ လျှော်စွာကျင့်၊ သိသင့်တရား သိသွားပြီ။
ဆင်းရဲငြိမ်းရာ၊ နိဗ္ဗာန်သာ၊ စိတ်မှာတောင့်တ လိုလားသည်။

************************

**၈။ ယော ဝန္တတိ မန္တိ နန္ဒမေယျ၊**
**အတ္တုက္ကွံသောပိ န သန္ဓိယေထ ဘိက္ခု။**
**လဒ္ဓါ ပရဘောဇနံ န မဇ္ဇေ၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။ ရဟန်းသည် "ငါ့ကို ရှိသေကြသည်၊ ရှိခိုးကြသည်"ဟူ၍ တက်ကြွမောက်မာ စိတ်ကြီးဝင်ခြင်း မရှိရာ၊ အရိုသေတန်၍ ဆဲရေးခံရပြန်သော်လည်း ဒေါသစိတ်ဖြင့် မဆက်မစပ်ရာ(ရန်ငြိုးမထားရာ)၊ သူတပါးတို့ သဒ္ဒါတရားဖြင့် ပေးလှူအပ်သော ဘောဇဉ်ကို(ပစ္စည်းလေးပါးကို)ရခြင်းကြောင့် ငါ့အားလာဘ်ပေါ်များသူကျော် ကြားသူ အခြံအရံများသူဟူ၍မာန်စွယ်ပြူးပြူး မယစ်မူးရာ။ လာဘ်ရခြင်း မရခြင်း စသည်ရှစ်တန် လောကဓံ ကြောင့် ဖေါက်ပြန်တုန်လှုပ်ခြင်းမရှိသောထိုရဟန်းသည် လောကကြီးနှင့် မငြိကပ်ပဲ ကောင်းစွာကျင့်သည် မည်၏။**

၁။ လူအပေါင်းသည် ငါ့ကို ရှိသေမြတ်နိုးရှိခိုးကြ၏ ဟူ၍ **သက္ကာရသိလောက**ကိုမှီသော ပသံသာလောကဓံ ကြောင့် စိတ်ကြီးဝင်ကာ မမောက်မာရာ။
၂။ ဆဲရေးတိုင်းထွာ ကဲ့ရဲ့စွပ်စွဲမှုများ ခံလာရပြန်သော်လည်း **နိန္ဒလောကဓံ**ကြောင့် ဖေါက်ပြန်တုန်လှုပ်ခြင်း မရှိဘဲ အမျက်ထွက်ကာ ရန်ငြိုးမဖွဲ့ရာ။
၃။ သူတပါးတို့ ပေးလှူအပ်သော ဘောဇဉ်စသော ပစ္စည်းလေးပါးတို့ကို လွယ်ကာခဏ ရပြန်သော်လည်း **လာဘလောကဓံ**ကြောင့် မတုန်လှုပ်မူ၍ တဏှာကာမ၏ အစွမ်းအားဖြင့် မယစ်မူးရာ။

**မောင်းထောင်နှင့် တောင်ငူ။** ။အင်းဝဘုရင် ဘိုးတော်ဦးဝိုင်းလက်ထက်က သာသနာပိုင် မောင်းထောင် ဆရာတော်သည် တောင်ငူမင်း၏ဆရာ ဆရာတော်ဦးတေဇကို စာမရ၍ ဒဏ်ပေးလေ၏။ တောင်ငူမင်းက သူ့ဆရာကို ဒဏ်ပေးရကောင်းလားဟု မောင်းထောင် ဆရာတော်ကို အပြစ်တင်လေရာ လူနှင့်ရဟန်း အချင်း ပွားကြလေသည်။ မောင်းထောင်ဆရာတော်က တောင်ငူမင်းကို ထွေးခံဖြင့် ပေါက်သည်။ တောင်ငူမင်းကလည်း ပြန်ပေါက်သည်။ မောင်းထောင်ဆရာတော်က တောင်ငူမင်းကို ခြေဖြင့်ကန်သည်။ တောင်ငူမင်းက နပန်းပြန်လုံး သည်။ လူမင်းနှင့်ရဟန်းမင်း၊ လူအရာရှိနှင့် ရဟန်းအာဏာရှိတို့ နပန်းသတ်ပွဲမှာ နေပြည်တော်တစ်ဝှမ်းလုံး ကျော်သွား၏။ သာသနာလောက၌ "**မောင်းထောင်ကလည်းထောင်လွန်း၊ တောင်ငူကလည်း ငူလွန်း**"ဟု ပြောစမှတ် ဖြစ်သွားခဲ့လေသည်။

တောင်ငူမင်းက သံဃပရိသတ်ရှေ့တွင် မောင်းထောင်ဆရာတော်အား ဝန်ချတောင်းပန်းရာ မောင်းထောင်ဆရာတော်ကလည်း ပြန်လည်တောင်းပန်ခဲ့ပေသည်။ မင်းပရိသတ် သံဃပရိသတ်ရှေ့တွင် အပြန်အလှန်တောင်းပန်ကြရာတွင် မောင်းထောင်ဆရာတော်၏ စကားမှာ မှတ်သားဖွယ်ကောင်းလှသည်။--

**"အင်း. . . .သာဓု သာဓု သာဓု။ ငါ သည်းခံ၏။ မင်းသားချည်း မှားသည်မဟုတ်၊ ငါလည်း မှားလေသည်။ မင်းသားလဲ ပုထုဇဉ်၊ ငါလည်း ပုထုဇဉ် ဖြစ်ခဲ့၏။ ပုထုဇဉ်ဂတိကို လိုက်စားမိသည့်အတွက် ဖြစ်ကြသောကြောင့် မှားကြချေပြီ။ ပုထုဇဉ်ပင်ဖြစ်သော်လည်းငါက သာ၍ မှားချေသည်။ မြတ်စွာဘုရား၏အရေတော်ကို ဝတ်ဆင် မြန်းလျက် မဟာသံဃရာဇာအမည်ကိုရရှိသဖြင့် သည်းမခံနိုင်ဘဲ သာသနာပိုင်ဂုဏ် ယဇ်မူးသောကြောင့် ဒေါသ ဂတိသို့ လိုက်စားမိသဖြင့်ဖြစ်ရချေသည်။ သို့အတွက် မင်းသားလည်း ငါ့အပေါ် အမျက်မထားလေနှင့်၊ သည်းခံလေ"**

ဤသို့ မိန့်တော်မူသောအခါ မင်းပရိသတ်၊ ရဟန်းပရိသတ်အားလုံး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ကြလေသည်။ (ညီမြ၊ ကုန်းဘောင်ရှာပုံတော်၊ နာ-၂၆၉။) (ဝီရသူ၏ "သမိုင်းတရားခံ" စာတမ်းမှ)

**ပဲဝက်မျှပိုင်သော ပုတ်သင်ညိုမာန်ထောင်။** ။ဝိဒေဟရာဇ်မင်းကြီးကို အရိုအသေပြုသဖြင့် ဥယျာဉ်တံခါး ကြားနေသော ပုတ်သင်ညိုသည် တနေ့ လေးရွှေးဖိုး အမဲသားစားရ၏။ တနေ့ဥယျာဉ်စောင့် အသားဝယ်မရ၍ ပုတ်သင်ညိုကို ပဲစေ့ကိုဖေါက်၍ လည်ပင်းမှာ ဝတ်ပေးလိုက်၏။ ထိုနေ့ ဝိဒေဟရာဇ်မင်းကြီး ဥယျာဉ်သို့လာ သောအခါ ဆင်း၍အရိုအသေ မပြုတော့။ အကြောင်းစုံသိအောင် မဟောသဓာ ပညာရှိကိုမေးသောအခါ ပဲဝက်မျှလောက်သော ဥစ္စာကိုရလိုက်သဖြင့် ငါကားယခု ဥစ္စာရှင်ကြီးပါတကားဟု မာန်ထောင်နေကြောင်း၊ ငါလည်းဥစ္စာရှင်၊ သင်မင်းကြီးလည်း ဥစ္စာရှင်၊ မင်းကြီးအား ခစားစရာ မလိုတော့ဟု မာန်တက်နေခြင်းသာ ဖြစ်ကြောင်း ရှင်းပြ၏။ သို့နှင့် မင်းကြီးက တိရစ္ဆာန်မိုက်အား အစာမပေးနဲ့ဟု ဆို၏။ မဟောသဓာသုခမိန်က မင်းကြီးအား ဥစ္စာကိုမှီ၍ မာန်ထောင်လွှားခြင်းဟူသည် တိရစ္ဆာန်ကိုမဆိုထားနှင့် ပညာရှိသောလူများပင် ဖြစ်တတ်ကြ၍ ပေးနေကြအစာကို ဖြတ်တောက်မပစ်ရန် လျှောက်ထားလေ၏။

(မဟောသဓာဇာတ်၊ ကကဏ္ဍကပဥှခန်း)

**သိန္ဓောမြင်းလိုနေ။** ။ရှေးက အာဇာနည်သိန္ဓောမြင်းအား စပျစ်သီးစသည့် အသီးများကို အရည်ညှစ်ပြီး အရည်သာ တိုက်လေသည်။ ကျန်နေသော သစ်သီးခွံ၊ သစ်သီးဖတ်များကို ရေနှင့်ရောပြီး သိန္ဓောမြင်း၏ ကိုယ်ရံတော်မြည်းကောင်များကို တိုက်လေသည်။ အမျိုးမြတ်သည် သိန္ဓောမြင်းမျိုးမှာ စားကောင်းသောက်ဖွယ် များကို ဦးဦးဖျားဖျား စားရသော်လည်း အမျိုးမြတ်၍ မာန်မမူကြ၊ မထောင်လွှားကြ။ သိန္ဓောမြင်း၏ အကြွင်း အကျန်များကိုသာ စားရသောမြည်းကောင်များကား အမျိုးယုတ်ကြသူများဖြစ်၍ အဆီယစ်ပြီး နန်းရင်ပြင်တစ်ခု လုံး၌ ခုန်ပေါက်ပြေးလွှားကြ၊ တိုးဝှေ့ကန်ကြောက်ကြဖြင့် နန်းတော်ရင်ပြင် အကျည်းတန်အောင် မာန်မူ ထောင်လွှားကြလေသည်။ (ဒုကနိပါတ်၊ အသဒိသဂင်၊ ဝါလောဒကဇာတ်။)

(ဆောင်) ရှိခိုးခံရ၊ မတက်ကြွ၊ ဆဲကြသော်လည်း မစပ်ပြီ။
သူများလှူကြ၊ ဆွမ်းတွေရ၊ မာန်ကြွယစ်ခြင်း ကင်းရာသည်။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်။

************************

**၉။ လောဘဥ္စ ဘဝဥ္စ ဝိပ္ပဟာယ၊**
**ဝိရတော ဆေဒန-ဗန္ဓနာ စ ဘိက္ခု။**
**သော တိဏ္ဏကထံကထော ဝိသလ္လော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။ အကြင်ရဟန်းသည် လောကကျင့်ရိုးနှင့်မညီမညာလွန်စွာအားကြီးသောဝိသမလောဘနှင့် အဓမ္မ ရာဂကိုင်း၊ ကာမဘဝ, ရူပဘဝ, အရူပဘဝကိုင်း (ဝါ) ကာမ, ရူပ, အရူပဘဝတို့၌ တပ်မက်တပ်သော ဘဝတဏှာကိုင်း အရဟတ္တမဂ်ဉာဏ်ဖြင့်အကြွင်းမဲ့ပယ်ပြီး၍၊ (တနည်း) အာရုံမှန်သမျှကိုလိုချင်သောအလုံးစုံ**

**သော လောဘကိုင်း၊ ကာမ,ရူပ,အရူပဘဝတို့ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံကိုင်း အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်ပြီး၍၊**
**တပါးသောသတ္တဝါတို့၏လက်ခြေစသည်တို့ကိုဖြတ်ခြင်း, နှောင်အိမ်နှောင်ကြိုးတို့ဖြင့်တုပ်နှောင်ဖွဲ့ချည်ခြင်းမှလည်း ရှောင်ကြဉ်၏။ ထိုရဟန်းသည် သို့လော သို့လော တွေးတောယုံမှားခြင်းကိုလွန်မြောက်ပြီးဖြစ်၏။ စိတ်အတွင်းသို့ ဖေါက်ထွင်းစူးဝင်တတ်သောရာဂ,ဒေါသ,မောဟတည်းဟူသောငြောင့်တံသင်းမှလည်း ကင်းစင်ပြီးဖြစ်၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ကြံနေသည်မည်၏။**

**လောဘပယ်ပုံ။** ။ပုထုဇဉ်များ အနေဖြင့် သီလကို ရိုရိုသေသေ ကျင့်သောအားဖြင့်၎င်း၊ (လောဘ၏အပြစ်များကို ဆင်ခြင်သောအားဖြင့်၎င်း) လောဘကို ပယ်ရမည်။ ဈာန်ရသောပုဂ္ဂိုလ်များမှာကား ဈာန်၏အစွမ်းဖြင့် ကြာရှည်စွာ ပယ်ခွါထားနိုင်၏။ ဝိပဿနာရှုနေသော ယောဂီအနေဖြင့် ဖြစ်ဆဲပစ္စုပ္ပန်အာရုံကို အမြဲမပြတ်ရှုမှတ်နေခြင်းအားဖြင့် လောဘဖြစ်နိုင်ခွင့် ပယ်ထားနိုင်၏။

အရိယာမဂ်သို့ ရောက်သောအခါ ပဌမမဂ်ဖြင့် အပါယ်ကျစေနိုင်သော လောဘကင်းသွား၏။ ဒုတိယမဂ်ဖြင့် ကာမအာရုံကိုလိုချင်သော လောဘအကြမ်းစား ကင်းသွား၏။ တတိယမဂ်ဖြင့် ကာမအာရုံကို လိုချင်သော လောဘဟူသမျှ ကင်းသွား၏။ နောက်ဆုံး အရဟတ္တမဂ်ဖြင့် ရူပ,အရူပဘဝတို့၌ သာယာသော လောဘ ကင်းသွားတော့၏။

**ဘဝပယ်ပုံ။** ။သောတာပတ္တိမဂ်ဖြင့် အပါယ်လေးပါး၌ဖြစ်စေနိုင်သော အကုသိုလ်ကံများ အားလုံးငြိမ်းသွား၏။ ကာမသုဂတိဘုံ၌ ခုနစ်ဘဝထက် ပိုလွန်ပြီးဖြစ်စေနိုင်သော ကံများလည်း ငြိမ်းသွားတော့၏။ သကဒါဂါမိမဂ်ဖြင့် (၂)ဘဝထက်အလွန် ဖြစ်စေနိုင်သော ကံများ ငြိမ်းသွား၏။ အနာဂါမိမဂ်ဖြင့် ကာမ(၁၁)ဘုံ၌ ဖြစ်စေနိုင်သော ကံများ ငြိမ်းသွားတော့၏။ အရဟတ္တမဂ်ဖြင့် ရူပဘဝ အရူပဘဝသို့ ရောက်စေနိုင်သောကံများ ငြိမ်းသွားတော့၏။

**ဖြတ်ခြင်း, နှောင့်ဖွဲ့ခြင်း, ယုံမှားခြင်းနှင့် ဆူးငြောင့်ပယ်ခြင်း။** ။သူတစ်ပါးတို့အား သတ်ဖြတ် နှောင့်ဖွဲ့ခြင်း၊ ရတနာသုံးပါးနှင့် ကံကံ၏ အကျိုးတို့၌ ယုံမှားခြင်းတို့ကို သောတာပတ္တိမဂ်ဖြင့်ပင် ပယ်နိုင်၏။ ရာဂ,ဒေါသ, မောဟတည်းဟူသော ဆူးငြောင့်များကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်နိုင်၏။

**၁၀။ သာရုပ္ပံ အတ္တနော ဝိဒိတွာ၊**
**နော စ ဘိက္ခု ဟိံသေယျ ကဉ္စိ လောကေ။**
**ယထာတထိယံ ဝိဒိတွာ ဓမ္မံ၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။** **။ရဟန်းသည် မိမိအားလျောက်ပတ်သောအကျင့်မြတ်ကို ကောင်းစွာကျင့်သည်အစွမ်းအားဖြင့် သိ၍၊ မဖေါက်မပြန်ဟုတ်မှန်သည့်အတိုင်းခန္ဓာ အာယတန အစရှိသော သင်္ခါရတရားကို ဝိပဿနာဉာဏ်ဖြင့် သိမြင်ပြီး၍၊**

**(တနည်း) သစ္စာလေးပါးတရားကိုမဂ်ဉာဏ်လေးပါးဖြင့်မဖေါက်မပြန်သိပြီး၍သတ္တလောက၌တစ်စုံတစ်ယောက်သော သတ္တဝါကို မညှင်းဆဲလည်း မညှင်းဆဲလေရာ။ ရဟန်းကျင့်ဝတ် မချွတ်စေဘဲ ဝိပဿနာဉာဏ်**

**မဂ်ဉာဏ်တို့ဖြင့် အမှန်တရားကိုသိ၍ သတ္တလောကကို မဆင်းရဲစေသော ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်သည်မည်၏။**

**ကိုယ်နှင့်သင့်တာကို သိ။** ။ပါတိမောက္ခသံဝရသီလ စသော ရဟန်းတို့ကျင့်ရမည့် ဝိနည်းကျင့်ဝတ် သီလများအပြင်၊ မိမိနှင့်သင့်လျော်သည့် ကမ္မဋ္ဌာန်း, က္ကရိယာပုထ်, အစားအသောက်, ဆက်ဆံရေး, ရာသီဥတု, နေရာ စသည်တို့ကိုပါ သိရမည်။

**သစ္စာလေးပါးကို အမှန်အတိုင်း သိ။** ။ဥပါဒါနက္ခန္ဓာ ရုပ်နာမ်တရားများကို ရုပ်သဘော နာမ်သဘော အားဖြင့် ပိုင်းခြားသိခြင်း၊ အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် ပိုင်းခြားသိခြင်း ပရိညာပဋိဝေဓ၊ သမုဒယသစ္စာကို ပယ်သောအားဖြင့် သိခြင်း ပဟာနပဋိဝေဓ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း နိဗ္ဗာန်ကို တိုက်ရိုက်အာရုံ ပြုသောအားဖြင့်သိခြင်း အာရမ္မဏ ပဋိဝေဓ၊ မဂ္ဂသစ္စာကို ပွားများခြင်း ဘာဝနာပဋိဝေဓ၊ ဤသို့သိခြင်းကို အမှန်အတိုင်း သိသည်ဟုခေါ် ၏။

(မှတ်ချက်။ ။ဘာဝနာပဋိဝေဓ၌ ဝိပဿနာမဂ္ဂင်များကို ရှေးဦးစွာ ပွားရ၏၊ ဝိပဿနာပွားခိုက်၌ ဝိပဿနာ ခဏိကသမာဓိသည် အရေးကြီး၏။ ၎င်းမပါဘဲ ဝိပဿနာ မဖြစ်နိုင်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ "န ဟိ ခဏိကသမာဓိ ဝိနာ ဝိပဿနာ သမ္ဘဝတိ။ မဟာဋီ၊၁၊၁၁။" ဟု ဆိုထား၏။ ဤဝိပဿနာမဂ္ဂင်များ ရင့်သန်လာမှ အရိယာမဂ္ဂင်များ ဖြစ်လာ၏။)

(ဆောင်) ကိုယ်နှင့်လျော်တာ၊ သိပြီးကာ၊ သူ့မှာညှင်းဆဲ ကင်းရမည်။
သစ္စာလေးတန်၊ တရားမှန်၊ ဧကန်သိပြီး ဖြစ်ရမည်။
ဤသို့သိလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်။

***************************

**၁၁။ ယဿာ’နုသယာ န သန္တိ ကေစိ၊**
**မူလာ စ အကုသလာ သမူဟတာသေ။**
**သော နိရာသော အနာသိသာနော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။အကြင်ရဟန်းသည် အချို့ကုန်သော မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ တို့ကို မဂ်ဖြင့် ပယ်ပြီးသည်ဖြစ်၍ မရှိတော့ကုန်။ အကုသိုလ်၏ အရင်းမူလဖြစ်ကုန်သော လောဘ, ဒေါသ, မောဟ တို့ကိုလည်း ကောင်းစွာ ပယ်နုတ်အပ်ကုန်ပြီး။ (ဂေါဗလီဗဒ္ဒနည်း)**

**(တနည်း) အကြင်ရဟန်း၏ သန္တာန်၌ ဖြစ်ခွင့်ရှိသော အနုသယကိလေသာတို့သည် တစ်စိတ်တစ်ပိုင်း တို့မျှသော်လည်း မရှိတော့ကုန်(အကုန်ကင်းသွားပြီဟုဆိုလိုသည်)။ (မဟာစည်ဆရာတော်အလို)။**

**မဂ်ဖြင့်ပယ်ခွင်း၍ အနုသယကင်းပြီးသော ထိုရဟန်းသည် (ဝါ) အနုသယနှင့် အကုသိုလ်မူလ အရင်း အမြစ်တို့ကို အကြွင်းမဲ့ပယ်ပြီးသော ထိုရဟန်းသည် ခန္ဓာဒိလောကကို လိုချင်သောအာသာ(တဏှာ) ကင်းသည်**

**ဖြစ်၍ ခန္ဓာဒိလောကကို တောင့်တတတ်သောအာသီသမရှိတော့ပေ။ ထိုရဟန်းသည် လောကကြီးနှင့် မငြိတွယ်အောင် ကောင်းစွာ ကျင့်ကြံနေသည်မည်၏။**

**အနုသယဟူသည်၊** ။မဂ်ဖြင့်မပယ်သတ်ရသေးသမျှ သတ္တဝါတို့ သန္တာန်၌ အဖန်ဖန် အစဉ်တစိုက် ကိန်းအောင်းပါဝင်နေသော ကိလေသာကို "အနုသယ"ဟုခေါ်သည်။ ထိုအနုသယသည် ဥပါဒ် ဌီ ဘင် အားဖြင့် အထည်ကိုယ် ထင်ရှားစွာ ဖြစ်ပေါ်နေသည်မဟုတ်။ ဆိုင်ရာအာရုံနှင့်တွေ့လျှင် အဆင်သင့်ဖြစ်ဖို့ရာ ကိလေသာဓာတ်တစ်မျိုးသာတည်း။

**ကိန်းပုံ ၂-မျိုး။** ။ သန္တာန်၌ကိန်းခြင်း သန္တာနုသယနှင့်၊ အာရုံ၌ကိန်းခြင်း အာရမ္မဏာနုသယ ဟု ၂-မျိုးရှိ၏။

**သန္တာန်၌ကိန်းခြင်း၊** ။ပုဂ္ဂိုလ်သန္တာန်၌ အကြောင်းညီညွတ်သောအခါ ဖြစ်နိုင်သောကိလေသာကို သန္တာန်၌ ကိန်းသည်ဟုခေါ်၏။ သို့သော် ပုဂ္ဂိုလ်၏သန္တာန် မည်သည့်အစိတ်အပိုင်း၌ ကိန်းနေသည်ဟုတော့ မဆိုနိုင်ပေ။

| ပုဂ္ဂိုလ် | အနုသယ (၇)ပါး |
|---|---|
| ပုထုဇဉ် | ကာမရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာ-နုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယ |
| သောတာပန်၊ (သကဒါဂါမ်) | ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ |
| အနာဂါမ် | ကာမရာဂါနုသယ, ပဋိဃာနုသယ |
| ရဟန္တာ | ဘဝရာဂါနုသယ, မာနာနုသယ, အဝိဇ္ဇာနုသယ |

မူရင်း တရားကိုယ်အားဖြင့် (၆)ပါးသာရှိ။ ။လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ။

**အာရုံ၌ကိန်းခြင်း၊** ။အာရုံ၌ပြန်လည်စဉ်းစားပြီး ဖြစ်ပေါ်လာနိုင်သောကိလေသာကို အာရုံ၌ကိန်းသည်ဟုခေါ်၏။ သို့သော် အာရုံထဲ၌ဝင်ပြီး တည်ရှိနေသည်တော့ မဟုတ်ပေ။ သိပြီးသားအာရုံကို ဆင်ခြင်စဉ်းစားမိသောအခါ ကိလေသာများ ပြန်ဖြစ်လာနိုင်သည်ကိုပင် "ကိန်းသည်"ဟု ဆိုလိုပေသည်။

**ဝိပဿနာဖြင့် အာရုံ၌ကိန်းသောကိလေသာကိုပယ်ပုံ။** ။ဖြစ်ဆဲရုပ်နာမ်တရားများကို မပြတ်ရှုမှတ်နေလျှင် သမာဓိအားကောင်းလာပြီး ပေါ်လာသမျှ ရုပ်နာမ်တရားများကို အနိစ္စ ဒုက္ခ အနတ္တဟု သိသွားတော့၏။ သိတိုင်း သိတိုင်း ၎င်းအာရုံကို နိစ္စ သုခ အတ္တဟု မစွဲလမ်းတော့။ ထိုအာရုံများကို ပြန်လည်စဉ်းစားသောအခါ ကိလေသာများ မဖြစ်လာတော့ပေ။ ထိုသို့မကိန်းခြင်းကိုပင် ဝိပဿနာဖြင့် အာရုံ၌ကိန်းသောကိလေသာကို ပယ်သည်ဟု ဆို၏။

(ဆောင်) ဖြစ်ခွင့်ရှိက၊ နုသယ၊ လုံးဝ ထိုဟာ မရှိပြီ။
အကု မြစ်ရင်း၊ နုတ်ပယ်ရှင်း၊ လိုခြင်း တောင့်တ မရှိပြီ။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်။

*******************************

**၁၂။ အာသဝခီဏော ပဟီနမာနော၊**
**သဗ္ဗ ရာဂပထံ ဉပါတိဝတ္တော။**
**ဒန္တော ပရိနိဗ္ဗုတော ဌိတတ္တော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။အကြင်ရဟန်းသည် အာသဝေါခပ်သိမ်း ကုန်ပြီးမြီးပြီးဖြစ်၏၊ (၉)ပါးသော မာန်တို့ကိုလည်း ပယ်ရှားအပ်ပြီး ဖြစ်၏။ အလုံးစုံသော ရာဂတရား ပွားများဖို့ရာ လမ်းပမာ တူလှသည့် သစ္စရတရားအပေါင်းကို ပိုင်းခြား၍သိခြင်း၊ ပယ်ခြင်းတို့၏ အစွမ်းအားဖြင့် လွန်မြောက်ပြီးဖြစ်၏။ (ဝါ) ဉာဏ်ဖြင့်ချဉ်းကပ် ရှုမှတ်ပိုင်းခြားသိသောအားဖြင့် ကျော်လွှားလွန်မြောက်ပြီးဖြစ်၏။ (မဟာစည်ဆရာတော်အလို)**

**ဆုံးမအပ်သော ဣန္ဒြေရှိသည်ဖြစ်၍ အရိယာတို့၏ ယဉ်ကျေးခြင်းဖြင့် ယဉ်ကျေးပြီးဖြစ်၏။ ကိလေသာအပူဘေးမှ ငြိမ်းအေးပြီးသည်ဖြစ်၍ မတုန်မလှုပ် တည့်တည့်မတ်မတ် တည်တံ့သော စိတ်ရှိ၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ကြံနေထိုင်သည်မည်၏။**

**အာသဝဟူသည်။** ။ကြာမြင့်စွာ စိမ်ထား၊ထုံထားအပ်သော အရက်နှင့် တူသောကြောင့် အာသဝဟုခေါ်၏။ (တနည်း) ယိုစီးတတ် ဖြစ်ပွားတတ်သောကြောင့် အာသဝဟုခေါ်၏။

**အာသဝ(၄)ပါး။**

၁။ ကာမာသဝ = ဝတ္ထုအာရုံ ကာမဂုဏ်၌ တပ်မက်တတ်သော တဏှာတည်း။ လောဘမူစိတ် ၈-ပါး၌ရှိသော လောဘတည်း။
၂။ ဘဝါသဝ = ရူပအရူပဘဝ၌ နှစ်သက်မှုတဏှာကို ခေါ်၏။ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါး၌ရှိသော လောဘတည်း။
၃။ ဒိဋ္ဌာသဝ = ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄)ပါး၌ရှိသော ဒိဋ္ဌိတည်း။
၄။ အဝိဇ္ဇာသဝ = အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော မောဟတည်း။

မှတ်ချက်။ ။ ဒွါရ(၆)၌ ကာမအာရုံ(၆)ပါးနှင့် တွေ့ရှိခြင်းကြောင့် ကာမအာရုံများကို နှစ်သက်သာယာပြီး ယိုစီးထွက်လာလျှင် ကာမာသဝ။ ဘဝကိုသာယာပြီး ယိုစီးထွက်လာလျှင် ဘဝါသဝ။ အလွဲအမှားကို အမှန်ဟု ယူစွဲပြီး ယိုစီးထွက်လာလျှင် ဒိဋ္ဌာသဝ။ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားများကို မြဲသည့်အနေ၊ ချမ်းသာသည့်အနေ၊ အတ္တကောင် အနေအားဖြင့် အသိမှားပြီး ယိုစီးထွက်လာလျှင် အဝိဇ္ဇာသဝ။

၄င်းအာသဝ(၄)ပါးသည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ တရားနယ်ပယ်၌ ဂေါတြဘူ(ဝေါဒါန်) တိုင်အောင် အာရုံပြုနိုင် ဖြစ်နိုင်၏။

| ပုဂ္ဂိုလ် | အာသဝ |
|---|---|
| ပုထုဇဉ် | ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ |
| သောတာပန် | ဒိဋ္ဌာသဝ |
| သကဒါဂါမ် | အကြမ်းစား ကာမာသဝ(ကာမရာဂ)ကို ပယ် |
| အနာဂါမ် | ကာမာသဝ |
| ရဟန္တာ | ဘဝါသဝ၊ အဝိဇ္ဇာသဝ |

**အာသဝစိမ့်ဝင်နေပုံ။** ။ပုထုဇဉ်တို့သည် အာရုံတစ်ခု မြင်သောအခါ အမှန်အတိုင်း မြင်တတ်ကြသည် မဟုတ်။ မိမိတို့၏ စိတ်သန္တာန်၌ အစမထင်သော သံသရာမှစ၍ ယနေ့တိုင်အောင် ကိလေသာတို့သည် အာသဝတရားများအနေဖြင့် စိမ့်ဝင်ပျံ့နှံ့လျက် ရှိကြ၏။ သိစရာ အာရုံ၌လည်း စိမ့်ဝင်ပျံ့နှံ့၏။ သိတတ်သော စိတ်၌လည်း စိမ့်ဝင်ပျံ့နှံ့၏။

ထိုအခါ ဝင်လာသောအာရုံသည်လည်း အာသဝေါတရားကြောင့် မူလသဘောပျောက်၏။ သိတတ်သော စိတ်သည်လည်း အာသဝေါတရားကြောင့် မူလသဘောပျောက်၏။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူသော ဒွါရငါးပါးတို့မှ သက်ဆိုင်သလို ဝင်ရောက်လာသော အာရုံတို့သည် မူလက ပရမတ္ထစစ်စစ်ပင် ဖြစ်၏။ ဒြပ်မဲ့ အစိုင်အခဲမဲ့ပင် ဖြစ်၏။ သို့ရာတွင် မနောဒွါရသို့ ရောက်ပြီးနောက် စိတ်သန္တာန်၌ ထင်ဟပ်လာသောအခါ ကိလေသာ အာသဝေါတို့၏ စိမ့်ဝင်ပျံ့နှံ့မှုကြောင့် တဏှာအစေးဖြင့် စွဲထင်ပြီး ဒြပ်ရှိ၊ အစိုင်အခဲရှိ အာရုံ အဖြစ်သို့ ပြောင်းသွား၏။ ထို့ကြောင့် ပရမတ္ထစစ်စစ်မဟုတ်တော့။ ပညတ်ရောသွား၏။ ဝိပလ္လာသ အာရုံ နိမိတ်ဖြစ်လာ၏။

အမှန်အားဖြင့် စိတ်၏မူလသဘောသည် မှန်သားပြင်ကဲ့သို့ ကြည်လင်ပါ၏။ သို့ရာတွင် အာသဝေါ တို့၏ စိမ့်ဝင်ပျံ့နှံ့မှုကြောင့်သာ မကြည်မလင်ခြင်း၊ ညစ်ကျုခြင်းဖြစ်ပါ၏။

(ဦးရွှေအောင်၏ "ချမ်းသာကိုရှာဖွေခြင်း"၊ နှာ-၂၄-၂၅။)

**မာန (၉)မျိုး။**

အထက်တန်းစား သေယျပုဂ္ဂိုလ်၌ = သေယျမာန်, သဒိသမာန်, ဟီနမာန်။
အလတ်တန်းစား သဒိသပုဂ္ဂိုလ်၌ = သေယျမာန်, သဒိသမာန်, ဟီနမာန်။
အောက်တန်းစား ဟီနပုဂ္ဂိုလ်၌ = သေယျမာန်, သဒိသမာန်, ဟီနမာန်။

သေယျမာန် = ဂုဏ်, အမျိုးဇာတ်, ပညာ, ပစ္စည်းဥစ္စာ, အဆင်း, သားချင်း, ခြွေရံစသည်အားဖြင့် သူတပါးထက် မြတ်သည်ဟု ထင်မှတ်ထောင်လွှားခြင်း။
သဒိသမာန် = ထို ဆိုအပ်ခဲ့ပြီးသော ဂုဏ်စသည်အားဖြင့် သင်တို့နှင့် ငါမှာ အတူတူသာတည်းဟု ထင်မှတ်ထောင်လွှားခြင်း။
ဟီနမာန် = ငါက သင်တို့အောက်ကျသော်လည်း သင်တို့ကို ဘာအရေးစိုက်ရမလဲဟု ထင်မှတ်ထောင်လွှားခြင်း။

**အမှန်အတိုင်းထင်မှတ်မှုယာထာဝ မာန် ၃-ပါး၊ မှားယွင်းသောထင်မှတ်မှုအယာထာဝ မာန် ၆-ပါး၊**

(၁) သေယျပုဂ္ဂိုလ်၏ သေယျမာန်၊ (၂) သဒိသပုဂ္ဂိုလ်၏ သဒိသမာန်၊ (၃) ဟီနပုဂ္ဂိုလ်၏ ဟီနမာန် ဤသုံးပါး သည် ဟုတ်မှန်သည့်အတိုင်းဖြစ်၍ ယာထာဝမာန်ဟု ခေါ်၏။ ကျန်(၆)ပါးကို မိမိ၌မရှိသော သဘောတရားများ ကို ရှိသည်ဟုထင်မှားကာ ထောင်လွှားခြင်းဖြစ်သောကြောင့် အယာထာဝမာန်ဟု ခေါ်၏။

**မာန ပယ်သူများ။** ။မိမိမှာ ဟုတ်မှန်သည့်အတိုင်း ဖြစ်တတ်သည့် **ယာထာဝမာန်သုံးပါးကိုအရဟတ္တမဂ် ဖြင့်သာ** ပယ်သတ်နိုင်ပြီး၊ မဟုတ်မှန်သောအားဖြင့်ဖြစ်သော **အယာထာဝမာန်(၆)ပါးကို သောတာပတ္တိမဂ်**သို့ ရောက်လျှင်ပင် ပယ်သတ်နိုင်၏။ (အဘိ၊၂၃၆၆။ ဌ၄၆၉။)

**မာနမျိုးစုံ အဖုံဖုံ**

အမျိုးဇာတ်ဇာတိမာန်၊ အနွယ်၌ဖြစ်သောမာန်၊ ကျန်းမာခြင်း အာရောဂျမာန်၊ အရွယ်တင်မှု ယောဗ္ဗနမာန်၊ အသက်ရှည်မှု ဇီဝိတမာန်၊ **လာဘ်ပေါများမှု လာဘမာန်၊ ကောင်းမွန်သပ်ယပ်လှပစွာပြုလုပ်ထားအပ်သော ပစ္စည်းလေးပါးကို ရ၍ဖြစ်သော သက္ကာရမာန်၊ သူတကာထက် အရိုအသေ အလေးအမြတ်ပြုခံရသောအခါ ဖြစ်သော ဂရုကာရမာန်၊ ရှေ့ဆောင်ဦးထိပ် ထားခံရမှု ပုရေက္ခာရမာန်၊** အခြံအရံများမှု ပရိဝါရမာန်၊ **သိမ်းဆည်း မြှုပ်နှံထားအပ်သော ပစ္စည်းဥစ္စာ၏ပေါများမှု ဘောဂမာန်၊** အဆင်းလှမှုနှင့် ဂုဏ်သတင်းကျော်ကြားမှုကြောင့် ဖြစ်သော ဝဏ္ဏမာန်၊ ပရိယတ်ကိုစွဲ၍ဖြစ်သော ဗဟုသုတများမှု သုတမာန်၊ **ခေတ်ပေါင်းများစွာအသက်ရှည်ကြာမှု ရတ္တညုမာန်၊** ပိဏ္ဍပါတ်ဓုတင်ဆောင်ခြင်းကိုစွဲ၍ဖြစ်သော မာန်၊ သူတပါးတို့ကို အကြီးအကဲအဖြစ် စီမံပေးရသူ၌ ဖြစ်သော ယသမာန်၊ တန်ခိုးကြီးမှု ဣဒ္ဓိမာန်၊ သီလမာန်၊ တည်ကြည်မှုအားကောင်းသူတို့၏ ဈာန်သမာဓိ၌ ဖြစ်သောမာန်၊ လက်မှုအတတ်ပညာကိုစွဲ၍ဖြစ်သော သိပ္ပမာန်၊ အရပ်အမောင်းကိုစွဲ၍ဖြစ်သော မာန်၊ ကိုယ်လုံး ကိုယ်ပေါက်ကိုစွဲ၍ဖြစ်သော မာန်၊ ပုံသဏ္ဍာန်ကိုစွဲ၍ဖြစ်သော မာန်၊ (အဘိ၊၂၃၆၃။ ဋ၊၄၄၆-၄၅၀။)

**အထင်နှင့် အမြင်။** ။လောက၌ သတ္တဝါတို့သည် ထိုမာနဖြင့် ထင်မှတ်မှုကြောင့် သံသရာ ရှည်ကြ၏။ ဖြစ်ပျက်ရုပ်နာမ်ကို ဉာဏ်ဖြင့်မမြင်သမျှကာလပတ်လုံး ဒုက္ခကို သုခထင်နေကြမည်သာ။ တကယ်တမ်းသိလာ သောအခါ အထင်နှင့် အမြင်မှာ တခြားစီသာ ဖြစ်၏။ **<u>"မာန"က အထင်၊ "ဉာဏ"က အမြင်၊</u>**

**ရာဂပထ (ရာဂလမ်းကြောင်း)ဟူသည်။** ။ရာဂဖြစ်ဖို့ရာ လမ်းပမာတူသည့် သင်္ခါရတရား အားလုံးတည်း။ (တနည်း) ကာမ ရူပ အရူပဟူသော ဘုံသုံးပါး၌ဖြစ်သည့် တရားအားလုံးတည်း။ (တနည်း) တဏှာဒိဋ္ဌိဟူသော ဥပါဒါန်တို့၏အာရုံဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးတည်း။ (တနည်း) ဒုက္ခသစ္စာတရား တည်း။ (တနည်း) မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိတိုင်း, ကြံသိတိုင်း ဖြစ်နေသော အရာများတည်း။ ထိုအာရုံများကို အကြောင်း ပြု၍ တပ်မက်သာယာမှု ရာဂဖြစ်နေ၏။

**ဥပါတိဝတ္တော(ဉာဏ်ဖြင့်ချဉ်းကပ်ရှုမှတ်ပိုင်းခြား သိသောအားဖြင့် ကျော်လွှားလွန်မြောက်ခြင်း)ဟူသည်။**

ဝိပဿနာရှုနေသောပုဂ္ဂိုလ်သည် ရုပ်နာမ်သင်္ခါရ ဒုက္ခသစ္စာတရားများကို အခြေခံဖြစ်သော ဝီရိယ, သတိ, သမာဓိတရားများနှင့် အတူတကွ ဉာဏ်ပညာက ရှုမှတ်နေလျှင် ဖြစ်ပျက်- ရုပ်နာမ်- ကြောင်းကျိုး- အနိစ္စစသည်များကို ပိုင်းခြား၍ သိလာ၏။ သိသဖြင့် မြဲသည်ဟု တပ်မက်မှုမရှိတော့။ နိစ္စ, သုခ, အတ္တဟုလည်း မစွဲတော့။ ဤသို့ သိ၍ သိ၍ သွားသည်ကိုပင် "ဉာဏ်ဖြင့် ကျော်လွန်သည်"ဟု ဆိုရ၏။

ဝိပဿနာဉာဏ်ရင့်သန်၍ အရိယာမဂ်ပေါ် လာသောအခါ သောတာပတ္တိမဂ်ဉာဏ်ဖြင့် အပါယ်လား ကြောင်း တပ်မက်မှုများကို ကျော်လွန်၏။ အနာဂါမိမဂ်ဖြင့် တပ်မက်ဖွယ် ကာမဂုဏ်အားလုံးကို ကျော်လွန်၏။ အရဟတ္တမဂ်ဖြင့် တပ်မက်မှုမှန်သမျှ အားလုံးကို ကျော်လွန်၏။

**ဒန္တော(ယဉ်ကျေးအောင် ဆုံးမပြီး)ဟူသည်။** ။ကိုယ်နှုတ်တို့ဖြင့် ကျူးလွန်လာသော ရိုင်းစိုင်းခြင်း ဝီတိက္ကမ ကိလေသာများကို သီလဖြင့် ဆုံးမထား၏။ စိတ်တွင်း၌ ထကြွလာသော ရိုင်းစိုင်းခြင်း ပရိယုဋ္ဌာန-ကိလေသာ များကို သမာဓိဖြင့် ဆုံးမထား၏။ အကြောင်းတိုက်ဆိုင်တိုင်း ရိုင်းစိုင်းမှုများ ဖြစ်ပေါ် လာနိုင်သော အနုသယဓာတ် ကိလေသာကို အရဟတ္တမဂ်ဖြင့် ပယ်သတ်ဆုံးမထား၏။

(တနည်း) မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် လုံအောင်ပိတ်၍ အဘိဇ္ဈာ,ဒေါမနဿ ဝင်ခွင့်မရအောင် စောင့်ထိန်းသော ဣန္ဒြေရှင်ဖြစ်၍ ယဉ်ကျေးပြီးသော ရဟန်းသည် ရူပ သဒ္ဒ အစရှိသော အာရုံလောကကြီးနှင့် တပ်မက်မှု ပြစ်မှားမှု အစွမ်းအားဖြင့် မဆက်စပ် မငြိတွယ်တော့။

**ဌိတတ္တော(တည်တံ့သောစိတ်ရှိသည်။** ။ဈာန်သမာဓိဖြင့် စိတ်တည်တံ့မှုကို ယူနိုင်သော်လည်း ဤနေရာ၌ ရဟန္တာ၏ ဂုဏ်ပုဒ်ကို ဖော်ကြူးထားသဖြင့် ကိလေသာကင်းပြီးသော ရဟန္တာ၏စိတ်တည်တံ့ခြင်းကို ဆိုလို၏။ ရဟန္တာတို့သည် အလွတ်နေသောအခါ၌လည်း စိတ်တည်တံ့နေ၏။ ဈာန်သမာပတ်ဝင်စားနေလျှင် အာရုံတစ်ခု တည်း၌ တစ်နေ့လုံး တစ်ညဥ့်လုံးလဲ တည်တံ့နေ၏။ ခုနစ်ရက်လုံးလည်း တည်တံ့နေ၏။

(ဆောင်) အာသဝေါ ကုန်ရှင်း၊ မာနကင်း၊ တပ်ခြင်းလမ်းကို ကျော်လွန်သည်။
နူးညံ့ ယဉ်ကျေး၊ ကိလေဝေး၊ ငြိမ်းအေးစိတ်လဲ တည်တံ့သည်။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်။
*********************************

**၁၃။ သဒ္ဓေါ သုတဝါ နိယာမဒဿီ၊**
**ဝဂ္ဂဂတေသု ဝဂ္ဂသာရိ ဓီရော။**
**လောဘံ ဒေါသံ ဝိနေယျ ပဋိဃံ၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။** ။**အကြင်ပညာရှိရဟန်းသည်ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်တတ်သောသဒ္ဓါ တရားနှင့် ပြည့်စုံ၏။ အကြားအမြင် အာဂမသုတ၊ အဓိဂမသုတနှင့်လည်းပြည့်စုံ၏။ အရိယာမဂ်ဟူသော ကိန်းသေတရားကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ထင်ထင်လည်းတွေ့မြင်၏။ ကွဲပြားကြောင်းဖြစ်သော မိစ္ဆာအယူများသို့ ရောက်နေသောသူတို့၌ကွဲပြားကြောင်းဖြစ်သောမိစ္ဆာအယူများသို့ မသွားရောက်မချဉ်းကပ် တော့။ လိုချင်မှုလောဘကိုင်း, စိတ်ကိုထိပါးနှိပ်စက်တတ်သောဒေါသကိုင်း ပယ်ဖျောက်ရာ၏။ ထိုရဟန်းသည် လောက၌ ကောင်းစွာ ကျင့်ကြံနေသည် မည်၏။**

**သဒ္ဓါ (၄)မျိုး**

၁။ ပသာဒ သဒ္ဓါ = ဉာဏ်မပါဘဲ မြင်ကာ ကြားကာမျှဖြင့် ဖြစ်ပေါ် လာသော သဒ္ဓါတရားမျိုး။
၂။ ဩကပ္ပန သဒ္ဓါ = ပုထုဇဉ်အဇာတသတ်မင်း၏ သဒ္ဓါတရားကဲ့သို့ ရတနာသုံးပါးဂုဏ်၌ မမိုတ်မသုန် သက်ဝင် ယုံကြည်တတ်သော သဒ္ဓါတရားမျိုး။
၃။ အဓိဂမသဒ္ဓါ = မဂ်၏အစွမ်းအားဖြင့်လာသော အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားမျိုး။
၄။ အာဂမသဒ္ဓါ = ဘုရားအလောင်းတော်တို့၏ သဒ္ဓါတရားမျိုး။

(ပဏ်၊၂၊၂၉၈။ ဋ၊၂၂၅။)

**သုတ (၂)မျိုး။**

၁။ အာဂမသုတ = ဘုရားဟောတရားတော်များကို ကြားနာပြီး သိမှတ်ထားသော သုတ။
၂။ အဓိဂမသုတ = မဂ်ဉာဏ်ဖြင့် ကိုယ်ပိုင်သိမြင်သွားသော သုတ။

**"သုတ"၏ အနက်။** ။ ကြားနာမှတ်သားထားသမျှကို နောက်ဆုံး အရိယမဂ်ဖြင့် သိမြင်သွားသောကြောင့် "သုတ"ကို "အကြားအမြင်"ဟု မြန်မာပြန်ကြ၏။

**နိယာမ ဒဿီ။** ။ အရိယာမဂ်သည် မိမိအခြားမဲ့၌ ဖိုလ်အကျိုးကို ကိန်းသေဖြစ်စေ၏။ ထို့ကြောင့် အရိယာမဂ်ကို နိယာမ(မြဲသောတရား)ဟု ခေါ်၏။ ထိုအရိယာမဂ်ဟူသောနိယာမကို တွေ့မြင်ပြီးသောသူကို "နိယာမဒဿီ" ဟုခေါ်၏။

**ကွဲပြားကြောင်း မိစ္ဆာအယူ ကင်းရမည်။** ။မိစ္ဆာဒိဋ္ဌိအယူ(၆၂)ပါးသည် "အတ္တရှိသည်/မရှိသည်"၊ "သေပြီး မြဲသည်/မမြဲသည်" စသည်ဖြင့် ငြင်းခုံကာ ကွဲပြားခြင်းကို ဖြစ်စေတတ်၏။ အကျဉ်းချုပ်အားဖြင့် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးပင်ဖြစ်၏။ ထိုကွဲပြားကြောင်း မိစ္ဆာအယူများကို မယူဟု ဆိုလိုသည်။ ထိုအယူမှားများကို **သောတာပတ္တိမဂ်ဖြင့်**ပင် ပယ်ပြီးဖြစ်၏။

(ဆောင်) သဒ္ဓါ သုတ၊ ပြည့်စုံရ၊ မဂ္ဂကိုလဲ သိမြင်သည်။
အယူချင်းကွဲ၊ လူတွေထဲ၊ ယူစွဲ မဝင် မလျှောက်ပြီ။
လောဘ ဒေါသ၊ ပဋိဃ၊ ပယ်ချ အကုန်ကင်းစေပြီ။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာနေရသည်။
************************************

**၁၄။ သံသုဒ္ဓဇိနော ဝိဝဋ္ဋစ္ဆဒေါ၊**
**ဓမ္မေသု ဝသီ ပါရဂူ အနေဇော။**
**သင်္ခါရ-နိရောဓ-ဉာဏ-ကုသလော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။ ။အကြင်ရဟန်းသည် အစင်ကြယ်ဆုံးအရဟတ္တမဂ်ဖြင့်ကိလေသာရန်သူကို အောင်နိုင်ပြီးဖြစ်၏။ ဝဋ်သုံးပါးနှင့် အဖုံးအကွယ် ကင်းပြီးလည်းဖြစ်၏။ (ဝါ) ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,အဝိဇ္ဇာနှင့် ဒုစရိုက် တည်းဟူသော ခုနစ်ပါးသော ကိလေသာအမိုးအကာများကို ဖွင့်လှစ်ဖောက်ဖျက်အပ်ပြီးဖြစ်၏။ ဈာန်သမာပတ် ဖလသမာပတ်တို့၌ နိုင်နင်းစွာလေ့လာပြီးသောအစွမ်းသတ္တိလည်း ရှိပါပေ၏။ သဥပါဒိသေသ နိဗ္ဗာနဓာတ်တည်းဟူသော တဖက်ကမ်းသို့ ဆိုက်ရောက်တော်မူ၏။ သတ္တဝါတို့၏စိတ်ကို တုန်လှုပ်စေတတ်သော ဇောခေါ်သော တဏှာမှ ကင်းဝေးတော်မူ၏။ သင်္ခါရတို့၏ချုပ်ရာ နိဗ္ဗာန်ကိုသိတတ်သော အရိယာမဂ်ဉာဏ်အရာ၌ လေးကြိမ်တိုင်တိုင် ပွားများခဲ့ပြီးဖြစ်၍ကျွမ်းကျင်လည်း ကျွမ်းကျင်ပါပေ၏။ ထိုရဟန်းသည် လောကကြီးနှင့် မကပ်ငြိအောင် ကောင်းစွာ ကျင့်ကြံနေသည်မည်၏။**

**သံသုဒ္ဓဇိန(အောင်နိုင်သူ)ဟူသည်။** ။အရဟတ္တမဂ်တည်းဟူသော စိန်သံလျက်ကို ကိလေသာတည်းဟူသော အညစ်အကြေးများ မကပ်နိုင်သဖြင့် ပြောင်ပြောင်လက်လက် အရောင်ထွက်သောကြောင့် "သံသုဒ္ဓ" ဟုခေါ်၏။ ၎င်းလက်နက်ကို စွဲကိုင်လျက် ကိလေသာတိုက်ပွဲ၌ အောင်ပွဲဆင်နိုင်သော ရဟန္တာသည် "သံသုဒ္ဓဇိန" မည်၏။

**ဝိဝဋ္ဋစ္ဆ ဒ။** ။သတ္တဝါတို့၏စိတ်အစဉ်ကို ဖုံးအုပ်မြှေးယှက်ပြီး ကုသိုလ်ဖြစ်ခွင့်မရအောင် ပိတ်ဆို့ကာဆီး တတ်သော ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,ကိလေသာတဏှာ (တနည်း) ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,အဝိဇ္ဇာ, ဒုစရိုက်တို့ကို အမိုးအဖုံးဟု ခေါ်၏။ ၎င်းအမိုးအဖုံးအကာများကို မဂ်ဉာဏ်ဖြင့် ထိုးလှန်ဖေါက်ဖျက်ပြီးသော ရဟန်းသည် ဝိဝဋ္ဋစ္ဆ ဒ မည်၏။

(တနည်း) ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ ဤဝဋ္ဋသုံးပါးကင်းပြီးသော ရဟန်းသည် ဝိဝဋ္ဋမည်၏။ (၇) ပါးသော အမိုးအကာတို့မှ ကင်းပြီးသောရဟန်းသည် ဝိဋ္ဌဒမည်၏။

**ပါရဂူ။** ။မပြတ်ဖြစ်နေသော ရုပ်နာမ်ခန္ဓာအစဉ်ကို သံသရာ(သို့)ဤမှာဘက်ကမ်းဟုခေါ်၏။ ရုပ်နာမ်အစဉ် ဖြစ်ပေါ်ခြင်းမရှိဘဲ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို ဟိုမှာဘက်ကမ်းဟု ခေါ်၏။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်သို့ ရောက်သွား ခြင်းကို "တစ်ဘက်ကမ်းသို့ ရောက်သူ"ဟု ခေါ်၏။

**သဉ်ါရနိရောဓ ဉာဏကုသလော။** ။မဂ်ဉာဏ်လေးပါးကို သင်္ခါရချုပ်ရာ နိဗ္ဗာန်ကိုသိသောဉာဏ်ဟု ခေါ်၏။ ထို မဂ်ဉာဏ်သည် မိမိသန္တာန်၌ လေးကြိမ်တိုင်တိုင် ဖြစ်ပြီးသောကြောင့် ကောင်းစွာ ကျွမ်းကျင်သည်ဟု ဆိုရ၏။

(ဆောင်) စင်ကြယ်မဂ်ဖြင့်၊ အောင်နိုင်လင့်၊ ဝဋ္ဋနှင့် ဖုံးကွယ်ကင်းလေပြီ။
တရားတွေမှာ၊ ပိုင်နိုင်စွာ၊ တဏှာကင်းပျောက် ဟိုကမ်းရောက်ပြီ။
သင်္ခါရချုပ်ရာ၊ နိဗ္ဗာန်မှာ၊ ကောင်းစွာသိမြင် ကျွမ်းကျင်သည်။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင် ကောင်းစွာနေရသည်။

***********************

**၁၅။ အတီတေသု အနာဂတေသု စာပိ၊**
**ကပ္ပါတီတော အတိစ္စ သုဒ္ဓိပညော။**
**သဗ္ဗာယတနေဟိ ဝိပ္ပမုတ္တော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။** ။**အကြင်ရဟန်းသည် လွန်ခဲ့ပြီးသော အတိတ်ခန္ဓာ ငါးပါးတို့၌၎င်း, အနာဂတ်ဖြစ်သော ခန္ဓာ ငါးပါးတို့၌၎င်း, ပစ္စုပ္ပန်ခန္ဓာငါးပါးတို့၌၎င်း, ငါ ငါ့ဥစ္စာဟု ကြံတွေးတတ်သော တဏှာဒိဋ္ဌိကို ကျော်လွန်နိုင်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်သောအခွန့်ကိုကျော်လွန်၍ အလွန်စင်ကြယ်သော အရဟတ္တမဂ်ပညာ နှင့်လည်း ပြည့်စုံ၏။ အလုံးစုံသော အာယတန ၁၂-ပါးမှလည်း လွတ်မြောက်တော်မူ၏။ ထိုရဟန်းသည် လောကကြီးနှင့် ငြိကပ်တွယ်တာခြင်းမရှိဘဲ ကောင်းစွာ ကျင့်ကြံနေသည် မည်၏။**

**အကြံကောင်းများ။** ။အတိတ်၌ဖြစ်ခဲ့သော ခန္ဓာငါးပါး၌ ငါ ငါ့ဥစ္စာအနေဖြင့် ကြံတွေးစွဲလမ်းခြင်း၊ အနာဂတ် ၌ ဖြစ်လတ္တံ့သော ဘဝခန္ဓာတို့၌လည်း မျှော်လင့်တောင့်တလျက် ငါ ငါ့ဥစ္စာ ငါ့ခန္ဓာ ငါ့ဘဝ စသည်ဖြင့် စွဲလမ်း နေခြင်း၊ ယခုဖြစ်ဆဲ ရုပ်နာမ်တရားများကိုလည်း ငါ ငါ့ဥစ္စာ အနေဖြင့် ကြံတွေးစွဲလမ်းခြင်း၊ ဤကြံတွေးစွဲလမ်းမှု များကို တဏှာဒိဋ္ဌိတို့က ပြုလုပ်နေခြင်းဖြစ်၏။

ငှင်းကြံတွေးမှုများကိုကျော်လွှန်ရန် ဖြစ်ဆဲရုပ်နာမ်တရားများ မြင်တိုင်းကြားတိုင်း ရှုမှတ်ပါက ရုပ်နာမ် ဖြစ်ပျက်နှင့် မမြဲသည့်သဘော၊ ဆင်းရဲသည့်သဘော၊ အစိုးမရသည့်သဘောများ ထင်ရှားတွေ့မြင်လာလျှင် တဏှာဒိဋ္ဌိတို့ဖြင့် ငါ ငါ့ဥစ္စာဟူ၍ မကြံတော့။ ဝိပဿနာရင့်သန်၍ အရိယာမဂ်သို့ ရောက်လာလျှင် သောတာ-ပတ္တိမဂ်ဖြင့် ငါကောင်အနေဖြင့် ကြံတွေးမှု ဒိဋ္ဌိကို အကြွင်းမဲ့ပယ်၏။ ငါ့ဥစ္စာအနေဖြင့် စွဲလမ်းမှုတဏှာ တို့တွင် အပါယ်ကျစေနိုင်သော အကြမ်းစားတဏှာ ပယ်၏။ အနာဂါမိမဂ်ဖြင့် ကာမတဏှာ အားလုံးပယ်၏။ အရဟတ္တ မဂ်ဖြင့် ဘဝတဏှာကို ပယ်၏။ ဤတွင် ငါ ငါ့ဥစ္စာဟု မှားယွင်းစွာ ကြံတွေးစွဲလမ်းတတ်သည် တဏှာဒိဋ္ဌိကို ပယ်သောအားဖြင့် ကျော်လွှန်သည်ဟု ခေါ် သည်။

**အခွန့်သုံးပါး**  ။ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ၊ သင်္ခါရ နှစ်ပါးသည် အတိတ်အခွန့်ကာလ မည်၏။ ဇာတိ၊ ဇရာ မရဏ နှစ်ပါးသည် အနာဂတ်အခွန့်မည်၏။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဉပါဒါန်, ဘဝ ဟူသော ရှစ်ပါးသည် ပစ္စုပ္ပန်အခွန့်မည်၏။ ဤအခွန့်သုံးပါး၌ အကြောင်းဟုတ်လေသလော, မဟုတ်လေ သလော၊ အကျိုးဟုတ်လေသလော, မဟုတ်လေသလောဟု ယုံမှားခြင်းကို ကျော်လွှန်သည်ဟု ဆိုလိုသည်။

**အာယတနဟူသည်။**  ။စိတ်တို့၏ဖြစ်ကြောင်းတရားကို အာယတနဟုခေါ် ၏။ မျက်စိနှင့်အဆင်းကြောင့် မြင်သိစိတ်ဖြစ်၏။ မျက်စိနှင့်အဆင်းသည် မြင်သိစိတ်ဖြစ်ကြောင်း အာယတန ဖြစ်၏။ အခြားအာယတနများ လည်း ဤနည်းပင်။ ထိုမျက်စိ အဆင်း မြင်သိမှုစသော အာယတနတို့နှင့်စပ်၍ ငါ ငါ့ဥစ္စာ အနေဖြင့် စွဲလမ်းခြင်း ကင်းရန် မြင်တိုင်းကြားတိုင်း ရှုမှတ်ဆင်ခြင်ရမည်။ ရှုဆင်ခြင်မှုမရှိလျှင်ကား "**အာယတံ သံသာရဒုက္ခံ နယတိ ပဝတ္တေတီတိ အာယတနံ**" ဆိုသည့်အတိုင်း **သံသရာကို နယ်ချဲ့တတ်၏။ ၎င်းတို့သည် သံသရာ့နယ်ချဲ့သမားများ ဖြစ်၏။** ရှုမှတ်နေလျှင်ကား ထိုအာရုံနှင့်စပ်၍ တဒင်္ဂအားဖြင့် စွဲလမ်းမှုကင်း၏။ အရိယာမဂ်သို့ရောက်သောအခါ စွဲလမ်းမှုအားလုံးကင်းပြီး အာယတန အားလုံးမှ လွှန်မြောက်သွားတော့၏။

(ဆောင်) အတိတ်တစ်ဖြာ၊ နာဂတ်မှာ၊ ရမ်းကာ ကြံတွေး ကျော်လွှန်ပြီ။
ဉာဏ်စင်ကြယ်မှ၊ အာယတန၊ ယင်းမှ လွှန်မြောက်သွားလေပြီ။
သို့ဖြစ်ပါလျှင်၊ လောကတွင်၊ ကြည်လင်ကောင်းစွာ နေရသည်။

****************************

**၁၆။ အညာယ ပဒံ သမေစ္စ ဓမ္မံ၊**
**ဝိဝဋ္ဋံ ဒိသွာန ပဟာန'မာသဝါနံ။**
**သဗ္ဗုပဓီနံ ပရိက္ခယာနော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။**  **။ အကြင်ရဟန်းသည် ရောက်အပ်သိအပ်သည့်၏ အဖြစ်ကြောင့် ပဒမည်သော တစ်ခုစီ တစ်ခုစီ သော သစ္စာကို မဂ်သို့မရောက်သေးမီရှေးအဖို့၌ "ဤကား ဒုက္ခ၊ ဤကား သမုဒယ၊ ဤကား နိရောဓ၊ ဤကား မဂ္ဂ"ဟု သစ္စာကိုပိုင်းခြားသောဉာဏ်ဖြင့်တသန့်စီ တသန့်စီ သိ၍၊ အပေါင်းဖြစ်သော သစ္စာလေးပါးကို မဂ်ဉာဏ် ဖြင့် အာရမ္မဏ-ပဋိဝေဓ၊ ကိစ္စပဋိဝေဓအားဖြင့်တပြိုင်နက်သိ၍ အာသဝေါတရားတို့ကိုပယ်ကြောင်းဖြစ်သော နိဗ္ဗာန်ကို ပွင့်ပွင့်လင်းလင်း ထင်ရှားစွာသိပြီး၍၊ အလုံးစုံသော ဥပဓိလေးပါးတို့၏ကုန်ခမ်းခြင်းကြောင့်တစ်စုံတစ်ခု**

**သောအာရုံ၌ မကပ်ငြိတော့ပေ။ ထိုရဟန်းသည် လောကကြီးနှင့် ကပ်ငြိတွယ်တာမှု မရှိဘဲ ကောင်းစွာ ကျင့်ကြံနေသည်မည်၏။**

**ပဋိသမ္ဘိဒါ လေးပါးဖြင့် တပါးစီသိပုံ။** ။ ဤကား ဒုက္ခ၊ ဤကား သမုဒယ၊ ဤကား နိရောဓ၊ ဤကား မဂ္ဂ-ဟူ၍ ဆရာထံ၌ သင်ယူ သောအားဖြင့်သိခြင်း ဥဂ္ဂဟပဋိဝေဓဉာဏ်၊ အနက်သဘောကို အထပ်ထပ် မေးမြန်း၍သိခြင်း ပရိပုစ္ဆာပဋိဝေဓဉာဏ်၊ ကြားနာ၍သိခြင်း သဝနပဋိဝေဓဉာဏ်၊ အာဂုံနှုတ်တက် ဆောင်၍သိခြင်း ဓာရဏ ပဋိဝေဓဉာဏ်၊ အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်၍သိခြင်း သမ္မသနပဋိဝေဓဉာဏ်၊

ဤပဋိဝေဓငါးပါးဖြင့် ဒုက္ခနှင့်သမုဒယဟူသော သစ္စာနှစ်ပါးကို အသီးအသီး တစ်ပါးစီ တစ်ပါးစီ သိ၏။ နိရောဓနှင့်မဂ္ဂ သစ္စာနှစ်ပါးကိုကား ကြားနာခြင်း သဝနပဋိဝေဓဖြင့်သာ သိအပ်၏။

**သစ္စာလေးပါး တပြိုင်နက်သိပုံ။** ။ရှေ့ပိုင်းဝိပဿနာမဂ်များ ရင့်ကျက်လာလျှင် အရိယာမဂ်များဖြစ်လာ၏။ ထိုအရိယာမဂ်ခဏ၌ သစ္စာလေးပါးလုံးကို တပြိုင်တည်းသိ၏။ မဂ်ဉာဏ်ဖြင့် နိရောဓသစ္စာဟူသော နိဗ္ဗာန်ကို အာရုံပြု၍ သိ၏(အာရမ္မဏပဋိဝေဓ)။ ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်းကိစ္စ၊ သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားခြင်းကိစ္စတို့သည် မဂ်ဖြစ်ရာခဏ၌ ၎င်းတို့ဆိုင်ရာကိစ္စများ အပြီးအဆုံးသို့ရောက်ခြင်းကြောင့် ကိစ္စကိုပိုင်းခြားသိခြင်း(ကိစ္စပဋိဝေဓ)ဟု ခေါ်၏။

**ရှုရမည့်သစ္စာနှင့် တောင့်တရမည့် သစ္စာ။**

သစ္စာလေးပါးတွင် ဒုက္ခနှင့်သမုဒယသည် ဝဋ်သုံးပါး၌အကြုံးဝင်နေသဖြင့် ဝဋ္ဋသစ္စာဟု ခေါ်၏။ နိရောဓနှင့်မဂ္ဂသစ္စာနှစ်ပါးသည် ဝဋ်သုံးပါးမှ ကင်းနေသောကြောင့် ဝိဝဋ္ဋသစ္စာဟုခေါ်၏။ ဤနှစ်မျိုးတို့တွင် ဝဋ္ဋသစ္စာကိုသာ ဝိပဿနာရှုရမည်။ ဝိဝဋ္ဋသစ္စာနှစ်ပါး၌ကား မရှုရ၊ "မဂ်ဉာဏ်ကို ရပါစေ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပါစေ"ဟုသာ တောင့်တရမည်။

(ဝဋ္ဋေ ကမ္မဋ္ဌာနယာဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော။)

**၁၇။ အဒ္ဓါ ဟိ ဘဂဝါ တထေဝ ဇော၊**
**ယော သော ဇဝံ ဝိဟာရီ ဒန္တော ဘိက္ခု။**
**သဗ္ဗ-သံယောဇန-ယောဂ-ဝီတိဝတ္တော၊**
**သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။**

**မြန်မာပြန်။** ။**ပကတိသက်တော်ထင်ရှားရှင်တော်မြတ်ဘုရား......။ အရှင်ဘုရား ဖြေကြားအပ်သောဤ စကားတော်အားလုံးသည်ဟောပြသည့်အတိုင်းမှန်လှပါပေ၏။ အရှင်ဘုရားဟောကြားခဲ့သည်အတိုင်းကျင့်သုံး နေထိုင်သော အကြင်ရဟန်းသည် အရိယလောက၌ အယဉ်ကျေးဆုံးဖြစ်သောအကျင့်ဖြင့် ယဉ်ကျေးသော ဣန္ဒြေ ရှိပါပေ၏။ အလုံးစုံ ဆယ်ပါးသောသံယောဇဉ်နှင့်လေးပါးသောယောဂတို့ကိုကျော်လွန်ပြီးလည်း ဖြစ်ပါပေ၏။ ထိုရဟန်းသည် လောကကြီးနှင့် မငြိမတွယ် မယှက်နွယ်တော့ဘဲ ကောင်းစွာ ကျင့်ကြံနေထိုင်သည် မည်ပါပေ၏။ ဤသို့ နိမ္မိတရုပ်ပွား ရှင်တော်ဘုရားက ချီးမွမ်းစကား လျှောက်ထားလေ၏။**

သမ္မာပရိဗ္ဗာဇနီယသုတ္တံ နိဋ္ဌိတံ။